MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တို့ဖြိုးမြေ သတင်းလွှာ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ | အတွဲ - ၃၊ အမှတ် - ၂ | သုံးလတစ်ကြိမ်ထုတ်ဝေပါသည်။

## "အမြင်ကြည်လင်၊ ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ် ဒုတိယအဆင့်စတင်



သက်ရှိလူသားများအတွက် အာရုံငါးပါးခံစားသိရှိမှုသည် ဘဝရှင်သန်ရေးတွင် အလွန်အရေးကြီးရာ "မျက်စိအဆုံး၊ နားအရှုံး" ဟူသော ဆိုရိုးစကားအရ အကြားအာရုံချို့ယွင်း၍ နားမကြားနိုင်ပါက လူဖြစ်ရှုံးသည်ဟု မှတ်ယူနိုင်ပြီး အမြင်အာရုံချို့ယွင်း၍ မျက်စိကွယ်ခဲ့လျှင် ဘဝတစ်ခုလုံးဆုံးပါးသကဲ့သို့ ခံစားရခြင်းလည်းဖြစ်သည်။

MPRL E&P ကုမ္ပဏီသည် မိမိတို့လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လုပ်ငန်းလုပ်ကိုင်ရာ မန်းရေနံမြေဒေသရှိ ဒေသခံပြည်သူများလည်း ကျန်းမာချမ်းသာစွာဖြင့် အတူတကွ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်စုကျော် ကာလရောက်ရှိခဲ့ပြီဖြစ်သည်။ ယင်းသို့ဆောင်ရွက်မှုများတွင် မန်းရေနံမြေဒေသခံများအတွက် "အမြင်ကြည်လင်၊ ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်လည်း တစ်ခုအပါအဝင်ဖြစ်သည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ ကမ္ဘာတစ်ဝှမ်းတွင် အတွင်းတိမ်ကြောင့် မျက်စိကွယ်ရခြင်းမှာ (၅၁) ရာခိုင်နှုန်းခန့်ရှိပြီး အမြင်အာရုံချို့တဲ့သူများ၏ (၉၀) ရာခိုင်နှုန်းသည် ဖွံ့ ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အမြင်အာရုံချို့တဲ့သူ (၁၂) သိန်းခွဲနီးပါးရှိပြီး နိုင်ငံ၏လူဦးရေနှင့်နှိုင်းယှဉ်ပါက များပြားသည့် ပမာဏလည်းဖြစ်သည်။ အမြင်အာရုံချို့ယွင်းခြင်းနှင့် မျက်စိကွယ်ခြင်းသည် အဖြစ်များသော ကျန်းမာရေးပြဿနာဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ကောက်ယူခဲ့သော အမျိုးသားအဆင့်မျက်မမြင်ဖြစ်ပွားမှုနှုန်းစစ်တမ်းအရ မြန်မာနိုင်ငံတွင် အသက် (၅၀) နှင့်အထက် အရွယ်များတွင် မျက်မမြင်ဖြစ်ပွားမှုနှုန်း (၂.၉) ရာခိုင်နှုန်းရှိပြီး အတွင်းတိမ်ရောဂါသည် မျက်စိကွယ်မှုအားလုံး၏ (၇၀) ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ရာသီဥတုပူပြင်းခြောက်သွေ့မှုနှင့်အတူ မျက်စိကျန်းမာရေးဆိုင်ရာပြဿနာများ အတွေ့ရများသော ဒေသတစ်ခုလည်းဖြစ်သည်။ အထူးသဖြင့် မျက်စိကျန်းမာရေးပြဿနာများကို ကျေးလက်ဒေသများနှင့် သက်ကြီးရွယ်အိုများတွင် ပို၍အတွေ့ရများသည်။

ယင်းသို့သော ကျန်းမာရေးစိန်ခေါ်မှုများကြားတွင် မန်းရေနံမြေရှိဒေသခံများ၏ မျက်စိကျန်းမာရေးလိုအပ်ချက်ကို ပိုမိုပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန (မင်းဘူးဆေးရုံ) နှင့် ပူးပေါင်း၍ MPRL E&P (CSR အစီအစဉ်) သည် စေတနာရှင် နိုင်ငံခြားသားဝန်ထမ်းတစ်ဦး၏ လှူဒါန်းငွေအပြင် CSR ရန်ပုံငွေများဖြင့် "အမြင်ကြည်လင်၊ ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေးစောင့်ရှောက်မှုရေ့ပြေးအစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မန်းရေနံမြေ ဒေသခံ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် စတင်ခဲ့သည်။

စာမျက်နှာ - ၆ ➤



# မန်းရေနံမြေဒေသခံ လူငယ်များအတွက် MPRL E&P ၏ ပညာသင်ဆု အစီအစဉ်

နည်းပညာနှင့်သက်မွေးပညာ လေ့ကျင့်ရေးသင်တန်းများ (Technical and Vocational Education and Training–TVET) သည် လူငယ်တစ်ဦးချင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိနိုင်ရန် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်မှုဖြည့်ဆည်းပေးခြင်းဖြစ်သည်။ MPRL E&P ၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နိုင်ငံ၏ စီးပွားရေးလိုအပ်ချက်နှင့်ကိုက်ညီပြီး အလုပ်အကိုင်အခွင့်အလမ်းပေါ်များသည့် သက်မွေးပညာရပ်များကို လေ့လာသင်ယူနိုင်ရန် ဒေသခံများကို ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ သင်တန်းပြီးမြောက်သည်အထိ ပညာသင်ဆု ပံ့ပိုးခြင်းဖြင့် အကူအညီပေးခြင်းလည်းဖြစ်သည်။

MPRL E&P သည် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ သက်မွေးပညာသင်တန်းကျောင်းများနှင့် ပူးပေါင်း၍ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပညာသင်ဆုရွေးချယ်ပံ့ပိုးခြင်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုချီးမြှင့်မှုတွင် မန်းရေနံမြေဒေသခံလူငယ် (၁၅) ဦး ရရှိခဲ့ပြီး ယမန်နှစ်ကတည်းက ပညာသင်ဆု ရရှိခဲ့ပြီးဖြစ်သည့် စိုက်ပျိုးရေးသိပ္ပံ(ပွင့်ဖြူ) ၏ ဒုတိယနှစ်သင်တန်းသား (၇) ဦး၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး) ၏ ဒုတိယနှစ်သင်တန်းသား (၂) ဦး တို့ကို ပညာသင်ဆုများ ဆက်လက်ပံ့ပိုးလျက်ရှိသည်။ ထို့အပြင် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၏ စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ် (၁၁) သို့ တက်ရောက်ခွင့်ရရှိခဲ့သည့် ဒေသခံလူငယ် (၅) ဦးနှင့် ဆေးတက္ကသိုလ် (မကွေး) တွင် ပထမနှစ်သင်တန်း တက်ရောက်လျက်ရှိသည့် ဒေသခံ (၁) ဦးတို့ကို ကျောင်းဝင်ကြေး၊ ထမင်းစရိတ်၊ လစဉ်အသုံးစရိတ်နှင့် အထွေထွေကုန်ကျစရိတ်များအပါအဝင် ပညာသင်ဆုများပံ့ပိုးလျက်ရှိသည်။ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုရရှိသည့် မန်းရေနံမြေဒေသခံ လူငယ်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။







**မောင်ပြည့်ဖြိုးဇော်**
ရွာသာကျေးရွာ
ဆေးတက္ကသိုလ် (မကွေး)

"ကျွန်တော်က MPRL E&P ရဲ့ ပညာသင်စရိတ်ထောက်ပံ့မှုနဲ့ ဆေးတက္ကသိုလ် (မကွေး) ပထမနှစ်သင်တန်း တက်ရောက်နေသူ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွာသာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းဌေးရဲ့ ထောက်ခံပေးမှုနဲ့ MPRL E&P ရဲ့ ပညာသင်ဆုကိုရရှိခဲ့တာဖြစ်ပါတယ်။ ပညာသင်ဆုအစီအစဉ်သာ မရှိတော့ဘူးဆိုရင် ကျွန်တော့်အနေနဲ့ ဆေးကျောင်းဆက်တက်ဖို့ အခက်အခဲရှိတာအမှန်ပါ။ ကုမ္ပဏီကတော့ ဘွဲ့ရတဲ့အထိ ပညာသင်စရိတ်ထောက်ပံ့ပေးသွားမယ်လို့ပြောထားပေမယ့် ဒီအတောအတွင်း တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့ ကြိုးစားရမှာကလည်း ကျွန်တော့်တာဝန်ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ M.B.B.S ဘွဲ့ရပြီးသွားရင်တောင် ဘွဲ့လွန်မဟာတန်းနဲ့ ပါရဂူတန်းတွေအထိ ဆက်ပြီး ပညာသင်ယူချင်ပါသေးတယ်။ ဒီအတောအတွင်းမှာတော့ ကိုယ့်ရပ်ကိုယ့်ဒေသကို တပ်အားသမျှ ကူညီသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်တို့လို ပညာသင်စရိတ် အခက်အခဲတွေရှိနေတဲ့ လူငယ်တွေကို ကူညီပံ့ပိုးပေးနေတဲ့ MPRL E&P ကုမ္ပဏီနဲ့ CSR အစီအစဉ်ကို ကျေးဇူးအများကြီးတင်ပါတယ်။ ဆက်လက်ပြီးလည်း ကူညီနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။"

တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီနိုင်း**
ထက်လင်း
htet.linn@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower – အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း - ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် - ၀၁ ၂၃၀ ၇၇၄၄
အီးမေးလ် - mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် - www.mprlexp.com



**မဆုနန္ဒာ**
မယ်ဘော့ကုန်းကျေးရွာ
အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)

"ကျွန်မက အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ကို တက်ဖို့ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ဆုရတဲ့ (၅) ဦးထဲက တစ်ဦးဖြစ်ပါတယ်။ ကျွန်မက မိန်းကလေးဆိုပေမယ့် မော်တော်ကားပြုပြင်ထိန်းသိမ်းမှု ဘာသာရပ်ဖြစ်တဲ့ Automobile Maintenance ဘာသာရပ်ကို စိတ်ဝင်စားတာကြောင့် ပညာသင်ဆုလျှောက်ဖြစ်ခဲ့တာပါ။ MPRL E&P ရဲ့ ပညာသင်ဆုက ကျွန်မရဲ့ ပညာသင်စရိတ်အခက်အခဲတွေကို ပြေလည်စေခဲ့ပါတယ်။ ကျွန်မလိုဘဲ ကျွန်မတို့ မယ်ဘော့ကုန်းရွာကနေ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) မှာ ဒုတိယနှစ်သင်တန်းတက်နေတဲ့ လူငယ်နှစ်ဦးလည်း ရှိပါတယ်။ MPRL E&P ရဲ့ ပညာသင်ဆုအစီအစဉ်က ကျွန်မတို့ မန်းရေနံမြေဒေသခံလူငယ်တွေရဲ့ အနာဂတ်အတွက် အထောက်အပံကောင်းတစ်ခုပါ။ ကျွန်မတို့ကို အခက်အခဲမရှိ ပညာသင်ခွင့်ရစေတဲ့ MPRL E&P ကုမ္ပဏီကို ကျေးဇူးတင်တဲ့အနေနဲ့ ဒီသင်တန်းကို စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ ကြိုးကြိုးစားစား တက်ရောက်သွားမှာပါ။"



**မောင်ရန်နိုင်စိုး**
ရွာသာကျေးရွာ
အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)

"ကျွန်တော်က ရွာက ကျေးရွာစေတနာ့ဝန်ထမ်းကနေတစ်ဆင့် ပညာသင်ဆုကို ကြားသိခဲ့ပြီး လျှောက်ထားခဲ့တာပါ။ ပညာသင်ဆုရပြီး ကျောင်းဆက်တက်နိုင်သွားပြီဆိုတာကိုကြားရတော့ အရမ်းဝမ်းသာခဲ့ရပါတယ်။ ကျွန်တော်တို့ ရွာသားတွေဖြစ်တဲ့ ကိုဇေယျာဖြိုးနဲ့ ကိုကျော်စိုးလွင်တို့ကလည်း MPRL E&P ရဲ့ ပညာသင်ထောက်ပံ့မှုနဲ့ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) မှာ ဒုတိယနှစ်တက်နေကြပါတယ်။ ကျွန်တော်တို့ဒေသမှာ အမှန်တကယ် ပညာသင်ချင်တဲ့ လူငယ်တွေရှိသေးတဲ့အတွက် MPRL E&P ကုမ္ပဏီနဲ့ ပညာသင်ထောက်ပံ့မှုအစီအစဉ်ကို ဆက်လက်တိုးမြှင့်လုပ်ဆောင်နိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းပေးပါတယ်။ ကျွန်တော်တို့ကို အခုကို ပညာသင်ကြားပေးတဲ့အတွက်လည်း MPRL E&P ကုမ္ပဏီကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော် အလုပ်ရပြီး လစာဝင်ငွေတွေရလာတဲ့အခါ ဒေသကို တစ်ဖက်တစ်လမ်းက ပြန်လည်အကျိုးပြုမယ်လို့ ဆုံးဖြတ်ထားပါတယ်။"



**မောင်သူထူးစံ**
မန်းကျိုးကျေးရွာ
အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)

"ကျွန်တော်က MPRL E&P (CSR အစီအစဉ်) ရဲ့ ပံ့ပိုးမှုနဲ့ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှာ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးသင်တန်းကို တက်ရောက်နေပါတယ်။ ပညာသင်ဆုမရခင်ကဆို မိသားစုစီးပွားရေးအခက်အခဲကြောင့် ကိုယ်တက်ချင်တဲ့ကျောင်းမှာ မတက်နိုင်မှာကို စိတ်ပူခဲ့ပါတယ်။ ပညာသင်ဆုရတဲ့သတင်းကြားတော့ ကျွန်တော့် မိဘ၊ ဆွေမျိုးသားချင်းတွေ အားလုံးလည်း ပျော်ရွှင်ဝမ်းသာကြပါတယ်။ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) က လုပ်ငန်းဆိုင်ရာ အသိပညာသာမက စည်းကမ်းပိုင်းပါသင်ကြားပေးပါတယ်။ ကျွန်တော်တို့ဒေသက ပညာဆက်သင်ဖို့ ငွေကြေးကျပ်တည်းတဲ့လူငယ်တွေရဲ့ ပညာရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ပံ့ပိုးပေးတဲ့ MPRL E&P ကုမ္ပဏီနဲ့ (CSR အစီအစဉ်) ကို တကယ်ကျေးဇူးတင်ပါတယ်။ ကျွန်တော်အနေနဲ့ ကျွမ်းကျင်လုပ်သားတစ်ယောက်ဖြစ်ဖို့ ရည်မှန်းထားပြီး နောင်တစ်ချိန်မှာလည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို တပ်အားသမျှ ထောက်ပံ့သွားမှာပါ။"



**မောင်ပိုင်သော်ကို**
အေးမြကျေးရွာ
အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)

"ကျွန်တော်က မကွေးတက္ကသိုလ်မှာ သမိုင်းဘာသာရပ်ကို ဒုတိယနှစ်အထိ တက်ခဲ့ပါတယ်။ ကျွန်တော့်ဖေဖေရဲ့ ဝင်ငွေအများစုက အစ်ကိုကြီးရဲ့ ပညာရေးကို အဓိကပံ့ပိုးပေးနေရတာကြောင့် ကျွန်တော့်ပညာသင်စရိတ်အတွက် အခက်အခဲရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လို ပညာဆက်သင်ဖို့ ငွေကြေးအခက်အခဲရှိတဲ့ မန်းရေနံမြေဒေသခံလူငယ်တွေကို MPRL E&P ကုမ္ပဏီရဲ့ CSR အစီအစဉ်ကနေ ပညာသင်စရိတ်ထောက်ပံ့ပေးနေတာ သိရပြီး ပညာသင်ဆုရအောင်ကြိုးစားခဲ့ပါတယ်။ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှာ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းတက်ဖို့ ဝင်ခွင့်ခေါ်တော့ ကျွန်တော်ဝင်ဖြေခဲ့ပါတယ်။ ဒီနှစ်ပညာသင်ဆုအတွက် ကျွန်တော်တို့လို လျှောက်ထားသူတွေထဲက (၅) ဦးပဲ ရွေးချယ်မှာမို့ တော်တော်လည်း စိတ်လှုပ်ရှားခဲ့တယ်။ အခု MPRL E&P ၏ ပညာသင်ထောက်ပံ့ကြေးနဲ့ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှာ Automobile Maintenance Course ကို တက်ခွင့်ရခဲ့ပါပြီ။ ကျောင်းမှာ ကားပြုပြင်ထိန်းသိမ်းတာ၊ မောင်းနှင်တာနဲ့ ဂဟေဆော်တဲ့ ဘာသာရပ်တွေကို စာတွေ့၊ လက်တွေ့သင်ရပါတယ်။ ဒီပညာသင်ဆုအစီအစဉ်က ကျွန်တော်တို့ရဲ့ ပိုကောင်းတဲ့အနာဂတ်ဖြစ်ဖို့ အရေးကြီးတဲ့အထောက်အပံ့တစ်ခုပါ။ ဒီလိုကူညီပံ့ပိုးမှုတွေအတွက် MPRL E&P ကုမ္ပဏီကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ကျောင်းပြီးလို့ အလုပ်အကိုင်တွေရခဲ့ရင်လည်း ရပ်ရွာဖွံ့ဖြိုးရေးကိစ္စတွေမှာ တစ်တပ်တစ်အား ပါဝင်ကူညီသွားဖို့ ဆုံးဖြတ်ထားပါတယ်။"



**မောင်ထက်မြက်ရှိန်**
အောက်ကျောင်းကျေးရွာ
အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)

"ကျွန်တော့်မိဘတွေ၊ မိသားစုဝင်တွေအနေနဲ့ ကျွန်တော့်ပညာရေးကို ဆက်ပြီးထောက်ပံ့ဖို့ ငွေကြေးအခက်အခဲရှိပါတယ်။ MPRL E&P ရဲ့ ပညာသင်ဆုအစီအစဉ်ကို ကျွန်တော်တို့ အောက်ကျောင်းကျေးရွာရဲ့ စေတနာ့ဝန်ထမ်းကနေ ကြားခဲ့ပြီး လျှောက်ဖြစ်ခဲ့တာပါ။ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှာ တက်ရောက်ခွင့်ရတဲ့သူတွေကြေညာတော့ ကျွန်တော်လည်းပါခဲ့တယ်။ MPRL E&P ရဲ့ ပညာသင်ဆုပံ့ပိုးမှုဟာ ပညာသင်ထောက်ပံ့ကြေးကြောင့် ကျွန်တော်တို့ အခက်အခဲကို ပြေလျော့စေပါတယ်။ သင်တန်းပျက်ကွက်တာမျိုး၊ ကျောင်းထုတ်ခံရတာမျိုး မဖြစ်စေဘဲ ပညာကို အာရုံစိုက်သင်ယူသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စိတ်ဝင်စားတဲ့သင်ခန်းစာတွေကို သင်ယူနေရတာဖြစ်လို့ ကျေနပ်မိပါတယ်။ ကျွန်တော့်လိုပဲ ကျွန်တော်တို့ရွာသား ကိုဇော်မျိုးအောင်ကလည်း MPRL E&P ရဲ့ ပညာသင်ဆုအစီအစဉ်နဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး) မှာ ဒုတိယနှစ်သင်တန်းကိုတက်ရောက်နေပါတယ်။ ကျွန်တော်တို့ လူငယ်တွေရဲ့ အသက်မွေးဝမ်းကျောင်းပညာတွေ အခြေခိုင်စေဖို့ ကူညီပံ့ပိုးပေးတဲ့ MPRL E&P ကုမ္ပဏီကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောချင်ပါတယ်။" ■

## စာသင်ကျောင်းများနှင့် ကျေးလက်ဆေးပေးခန်းအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ပရိဘောဂများပံ့ပိုး



MPRL E&P သည် ဒေသတွင်းအခြေခံပညာကျောင်းများ၊ ကျေးလက်ဆေးပေးခန်းနှင့် စာကြည့်တိုက်များတွင် လိုအပ်သည့် ကျောင်းသုံးနှင့် ရုံးသုံးပရိဘောဂများ တိုးတက်ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပရိဘောဂဖြည့်တင်းရေးစီမံချက်ကို သတ်မှတ်ကာလအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် မန်းကျိုးကျေးရွာရှိ ကျေးလက်ဆေးပေးခန်းတွင် အသုံးပြုနိုင်ရန် ဗီဒို၊ စားပွဲနှင့်ထိုင်ခုံတို့ကို ပံ့ပိုးခဲ့ရာ ဩဂုတ်လအတွင်း လုပ်ငန်းအားလုံးပြီးစီးခဲ့သည်။ အဆိုပါလုပ်ငန်းများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၁,၁၃၃,၃၀၀/ ကျပ် (ကျပ်တစ်ဆယ့်တစ်သိန်းသုံးသောင်းသုံးထောင့်သုံးရာ) အကုန်အကျခံ ပံ့ပိုးခဲ့သည်။

အလားတူ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း ကြာကန်၊ အောက်ကျောင်း၊ လက်ပံတပင်၊ ပေါက်ကုန်း၊ မကြီးချောင်းနှင့် လက်ပံတောကျေးရွာတို့ရှိ အခြေခံပညာကျောင်း (၆) ကျောင်းတွင် လိုအပ်လျက်ရှိသည့် ကျောင်းသုံးပရိဘောဂများ ဖြည့်တင်းနိုင်ရန် ဒေသခံပရိဘောဂလုပ်ငန်းအဖွဲ့များထံ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့သည်။ အဆိုပါ ပရိဘောဂများ ပြုလုပ်ရာတွင် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကို မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့မှ Special Project Team အဖွဲ့ဝင်များနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များက ပုံမှန်စောင့်ကြည့်လေ့လာခဲ့ပြီး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ■













## အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာန မျက်နှာကျက်တပ်ဆင်ရေးလုပ်ငန်းများပြီးစီး

MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပါ ပံ့ပိုးလျက်ရှိရာ အေးမြကျေးရွာလူထုအခြေပြုဗဟိုဌာနတွင် မျက်နှာကျက်တပ်ဆင်ခြင်းလုပ်ငန်းများ အားလုံး ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ပြီးစီးခဲ့သည်။

အေးမြကျေးရွာစာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီးနောက် အွန်လိုင်းအင်္ဂလိပ်စာ





သင်ကြားရေးနှင့် အခြားလူထုအခြေပြုလုပ်ငန်းများကို အဆိုပါဌာနတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာနတွင် မျက်နှာကျက်တပ်ဆင်ရေးလုပ်ငန်းများ၊ နံရံဆေးသုတ်ခြင်း၊ လျှပ်စစ်မီးလိုင်းများသွယ်တန်းခြင်းတို့ကို တိုးတက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့သည်။ ယင်းလုပ်ငန်းများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၃,၉၂၉,၇၀၀/ (ကျပ်သုံးဆယ့်ကိုးသိန်းနှစ်သောင်းကိုးထောင့်ခုနစ်ရာ) မတည်ခဲ့ပြီး အေးမြကျေးရွာဒေသခံများက ကျပ် ၆၄၀,၁၀၀/ (ကျပ်ခြောက်သိန်းလေးသောင်းတစ်ရာ) ကို ပါဝင်ပံ့ပိုးခဲ့ရာ စုစုပေါင်းကုန်ကျစရိတ် ကျပ် ၄,၅၆၉, ၈၀၀/ (ကျပ်လေးဆယ့်ငါးသိန်းခြောက်သောင်းကိုးထောင့်ရှစ်ရာ) ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ■



ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အေးမြကျေးရွာ

ဂုဏ်ပြုမှတ်တမ်းလွှာ

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အေးမြကျေးရွာတွင် စာပေနန်းတော်စာကြည့်တိုက် မျက်နှာကြက်တပ်ဆင်ခြင်း၊ နံရံဆေးသုတ်ခြင်း နှင့် မီးလိုင်းသွယ်တန်းခြင်း လုပ်ငန်းစဉ်တို့အတွက် ကုန်ကျစရိတ် စုစုပေါင်း ကျပ် ၃,၉၂၉,၇၀၀/- (ကျပ်သုံးဆယ့်ကိုးသိန်းနှစ်သောင်းကိုးထောင်ခုနစ်ရာကျပ်တိတိ) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးပါသောကြောင့် ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

| လက်မှတ် အမည် | အောင်နိုင် | အောင်ဝိုး | စန်းမြိုင် |
| --- | --- | --- | --- |
| | ကျေးရွာအုပ်ချုပ်ရေးမှူး အေးမြကျေးရွာ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အေးမြကျေးရွာ | စာကြည့်တိုက်မှူး အေးမြကျေးရွာ |

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

# စိုက်ပျိုးရာသီသစ်တွင် မန်းတောင်သူများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကြိုတင်ပြင်ဆင်ပံ့ပိုး

## မန်းရေနံမြေ၊ ချင်တောင်ကျေးရွာတွင် မှိုမျိုးအိတ်များ ဆက်လက်ထုတ်လုပ်လျက်ရှိ

MPRL E&P (CSR အစီအစဉ်) ဖြင့် စတင်ပံ့ပိုးခဲ့သည့် မှိုစိုက်ပျိုးထုတ်လုပ်ခြင်းကို မန်းရေနံမြေဒေသအတွင်း ကနဦးစမ်းသပ်စိုက်ပျိုးခဲ့ကြပြီး အဆိုပါလုပ်ငန်းသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် လေးနှစ်တာကာလသို့ ရောက်ရှိခဲ့သည်။ လေးနှစ်တာကာလအတွင်း မှိုစိုက်ပျိုးထုတ်လုပ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် ချင်တောင်ကျေးရွာရှိ ဦးနေဇော်နှင့်မိသားစုသည် မှိုစိုက်ပျိုးရေးလုပ်ငန်းအပြင် ဒေသခံများအနေဖြင့် မှိုမျိုးအိတ်များဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ မှိုမျိုးအိတ်ထုတ်လုပ်သည့် လုပ်ငန်းကိုပါ ပူးတွဲလုပ်ကိုင်ခဲ့သည်။ အဆိုပါ မှိုမျိုးအိတ်များကို ပုံမှန်ထုတ်လုပ်ရောင်းချလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း မှိုမျိုးအိတ် (၇၀၀) ထုတ်လုပ်ခဲ့ပြီး မှိုမျိုးအိတ် တစ်အိတ်လျှင် ကျပ် ၇၅၀/ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။



## မန်းတောင်သူများအတွက် တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်၊ စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဝေ

မန်းရေနံမြေ ဒေသခံတောင်သူများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကုလားပဲ၊ နေကြာနှင့် ခရမ်းချဉ်သီးနှံများ တိုးတက်ထုတ်လုပ်ရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေးသွင်းအားစုများကို MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးလျက်ရှိရာ ယခုနှစ်စိုက်ပျိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်မည့် တောင်သူစာရင်းများကြိုတင်ပြုစုခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် မျိုးစေ့များပြန်လည်စုဆောင်းခြင်း၊ မျိုးစေ့အသစ်များထပ်မံစုစည်းဝယ်ယူခြင်း၊ မျိုးစေ့တောင်းခံထားသည့် တောင်သူအသစ်များကို ပံ့ပိုးနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ ခရမ်းချဉ်သီးနှံစိုက်ပျိုးရာတွင် လိုအပ်သည့် မြေငွေ့ထိန်းပလတ်စတစ်များကြိုတင်ဝယ်ယူ စုဆောင်းခြင်း၊ သတ်မှတ်တောင်သူများအလိုက် စိုက်ပျိုးရေးသွင်းအားစုများကို ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။







ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုများကို စောင့်ကြည့်လေ့လာခြင်း

အလားတူ မန်းရေနံမြေတွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ခရမ်းချဉ်သီးနှံကို တိုးတက်ထုတ်လုပ်နိုင်ရန် ခရမ်းချဉ်စိုက်ပျိုးတောင်သူများ၏ ကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာလျက်ရှိပြီး လိုအပ်သည်များကို CSR လုပ်ငန်းအဖွဲ့ဝင်များက ပံ့ပိုးလျက်ရှိသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း အောက်ကျောင်းနှင့် မယ်ဘော့ကုန်းကျေးရွာတို့ရှိ ခရမ်းချဉ်တောင်သူ (၃၆) ဦးကို သီးသန့်စုစည်း၍ ရေတံခွန်တောင်သူပညာပေးအဖွဲ့ (ပွင့်ဖြူမြို့နယ်) ၏ အကူအညီဖြင့် ခရမ်းချဉ်စိုက်ပျိုးရေးဆိုင်ရာ ပိုးမွှားထိန်းချုပ်မှုနှင့် အပင်ရောဂါအမျိုးမျိုးတို့နှင့်စပ်လျဉ်းသည့် တောင်သူပညာပေးဆွေးနွေးပွဲကို မယ်ဘော့ကုန်းကျေးရွာ ဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။ အလားတူ ဩဂုတ်လအတွင်း ရေတံခွန်တောင်သူပညာပေးအဖွဲ့ (ပွင့်ဖြူမြို့နယ်) ၏ အကူအညီဖြင့် တောင်သူပညာပေးဆွေးနွေးပွဲ (၂) ကြိမ်ကို လက်ပံတောနှင့် ကြာကန်ကျေးရွာတို့တွင် ပြုလုပ်ခဲ့ပြီး စိုက်ပျိုးတောင်သူ စုစုပေါင်း (၈၉) ဦး တက်ရောက်ခဲ့သည်။

ထို့အပြင် ချင်တောင်၊ ကျွဲချ၊ မန်းကျိုး၊ ပေါက်ကုန်း၊ လက်ပံတောနှင့် မယ်ဘော့ကုန်းကျေးရွာ (၆) ရွာရှိ ဒေသခံ ခရမ်းချဉ်တောင်သူများကို ခရမ်းချဉ်မျိုးစေ့ (၉၀၉) ထုပ်နှင့် မြေငွေ့ထိန်းပလတ်စတစ်လိပ် (၃၂) လိပ်တို့ကို ဖြန့်ဝေခဲ့သည်။ အဆိုပါ စိုက်ပျိုး ရေးသွင်းအားစုများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၂,၇၄၂,၀၀၀/ (ကျပ်နှစ်ဆယ့်ခုနစ်သိန်းလေးသောင်းနှစ်ထောင်) အကုန်အကျခံ၍ ပံ့ပိုးခဲ့သည်။ ■





စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဝေခြင်း





ရေတံခွန်တောင်သူပညာပေးအဖွဲ့ (ပွင့်ဖြူမြို့နယ်) နှင့် ပူးပေါင်း၍ တောင်သူပညာပေးဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်း



မျက်နှာဖုံးမှ အဆက် ➤

ထို့နောက် ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာရှိ အသက် (၆၀) နှစ်နှင့်အထက် မျက်စိထိခိုက်ဖူးသူများနှင့် အမြင်အာရုံဆိုင်ရာဝေဒနာရှင်များအတွက် မျက်စိကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ပဏာမအမြင်အာရုံစစ်ဆေးခြင်း၊ မျက်စိရောဂါစမ်းသပ်ဖော်ထုတ်ခြင်း၊ မျက်စဉ်း၊ မျက်မှန်နှင့်ဆေးဝါးများ လိုအပ်သလိုပံ့ပိုးခြင်း၊ ဆက်လက်ကုသနိုင်ရန် ဆေးရုံဆေးခန်းများသို့ လမ်းညွှန်ပေးခြင်း၊ လွှဲပြောင်းပေးခြင်းနှင့် မျက်စိအတွင်းတိမ်ခွဲစိတ်ကုသပေးခြင်းတို့ကို မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၏ ဒုတိယအဆင့်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။



အသက် (၆၀) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအနေဖြင့် “မျက်စိစစ်ဆေးစမ်းသပ်ခြင်းနှင့် အသိပညာပေးအစီအစဉ်” အရ မန်းရေနံမြေနှင့်ထိစပ်ကျေးရွာ (၁၄) ရွာရှိ သက်ဆိုင်ရာ စေတနာ့ဝန်ထမ်းများ (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် နာမည်စာရင်းပေးသွင်း ပြသနိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်ခဲ့သည်။ အဆိုပါအစီအစဉ်တွင် မျက်စိကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ပဏာမအမြင်အာရုံစစ်ဆေးခြင်းတို့ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့ နံနက်တွင် မန်းကျိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ခဲ့ရာ မန်းရေနံမြေဒေသခံ စုစုပေါင်း (၂၁၀) ဦး တက်ရောက်ခဲ့သည်။

အစီအစဉ်တွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်က မျက်စိအတွင်းတိမ်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး မင်းဘူးဆေးရုံ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက တက်ရောက်လာသည့် သက်ကြီးဒေသခံများကို မျက်စိစမ်းသပ်စစ်ဆေးခဲ့သည်။ မျက်စိအတွင်းတိမ်ရောဂါဆိုသည်မှာ မျက်လုံးအတွင်းရှိ မွေးရာပါမှန်ဘီလူး ကြည်လင်မှုမရှိတော့ဘဲ နောက်ကျိသွားခြင်းကို ဆိုလိုသည်။ မျက်စိအတွင်းတိမ်ရောဂါသည် မြန်မာနိုင်ငံတွင် အဖြစ်အများဆုံး မျက်စိရောဂါဖြစ်ပြီး အမြင်အာရုံကွယ်ပျောက်နိုင်သည့် ရောဂါတစ်မျိုးလည်းဖြစ်သည်။ မျက်စိအတွင်းတိမ်ကြောင့် အမြင်အာရုံဆိုးဝါးလာပါက တစ်ခုတည်းသောကုသမှုနည်းလမ်းမှာ ခွဲစိတ်မှုပင်ဖြစ်ကြောင်း ဒေါက်တာအိအိအောင်က ဆိုသည်။

အဆိုပါ ပဏာမစမ်းသပ်စစ်ဆေးမှုရလဒ်များအရ အသေးစိတ် မျက်စိစမ်းသပ်စစ်ဆေးရန်လိုအပ်သည့် ဒေသခံ (၁၄၇) ဦးကို မင်းဘူးဆေးရုံ၌ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်နှင့် ထပ်မံစစ်ဆေးကုသနိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် လိုအပ်သည်များကို စီစဉ်ပံ့ပိုးခဲ့သည်။ ယင်းသို့ ထပ်မံစစ်ဆေးမှုတွင် မျက်စိအတွင်းတိမ်ခွဲစိတ်ကုသရန်လိုအပ်သူ (၁၀၄) ဦး၊ မျက်မှန်တပ်ရန် လိုအပ်သူ (၂၀) ဦး၊ မျက်စိအားဆေးနှင့် မျက်စဉ်းခတ်ရန် လိုအပ်သူ (၁၀) ဦးရှိပြီး အဆိုပါ မျက်စိဝေဒနာရှင်များအတွက် လိုအပ်သောဆေးဝါးနှင့် မျက်မှန်များကို MPRL E&P ၏ CSR အစီအစဉ်က ပံ့ပိုးပေးခဲ့သည်။ မျက်စိအတွင်းတိမ်ခွဲစိတ်ကုသရန်လိုအပ်သူများကို ကျေးရွာအလိုက် စုဖွဲ့၍ မင်းဘူးဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူနိုင်ရန် စီစဉ်ပံ့ပိုးပေးခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း မျက်စိအတွင်းတိမ်လူနာများအားလုံးကို အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်သည်။ MPRL E&P ၏ မျက်စိကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တွင် ပါဝင်သူများနှင့် ခွဲစိတ်ကုသမှုခံယူခဲ့သည့် ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်မျှဝေဖော်ပြအပ်ပါသည်။



**ဒေါက်တာအိအိအောင်**
မျက်စိအထူးကုဆရာဝန်ကြီး
မင်းဘူးဆေးရုံ

“ကျွန်မတို့ မင်းဘူးဆေးရုံရဲ့ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနက MPRL E&P ရဲ့ CSR အစီအစဉ်နဲ့ ပူးပေါင်းပြီး မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာက အသက် (၆၀) နှစ်နဲ့အထက် ဘိုးဘွားတွေကို မျက်စိကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ပါတယ်။ ဒီအစီအစဉ်မှာ ပဏာမမျက်စိစစ်ဆေးမှု၊ အသေးစိတ်စစ်ဆေးမှုနဲ့ မျက်စိရောဂါအလိုက် ကုသမှုတွေအပြင် ခွဲစိတ်ဖို့လိုတဲ့ ရပ်ရွာကလူကြီးတွေကိုပါ ခွဲစိတ်ပေးတာတွေအထိ ပါဝင်ပါတယ်။ အသက်(၆၀)နဲ့အထက် ဘိုးဘွားတွေမှာ အတွင်းတိမ်၊ ရေတိမ်၊ မျက်စေ့မှုန်၊ ဆီးချို၊ သွေးချို စတဲ့ ရောဂါတွေကြောင့် ဖြစ်တဲ့ အာရုံကြောရောဂါတွေ၊ ထိခိုက်ဒဏ်ရာတွေကြောင့်ဖြစ်တဲ့ မျက်ကြည်လွှာဆိုင်ရာရောဂါတွေနဲ့ အဝေးမှုန်၊ အနီးမှုန်စတဲ့ မျက်စိဝေဒနာလေးတွေ တွေ့ရပါတယ်။ ကျောင်းတွေမှာ မျက်စိစမ်းသပ်စစ်ဆေးတော့ ကလေးအများစုက မျက်စိအားကောင်းကြတယ်။ တချို့ကလေးတွေမှာတော့ မွေးရာပါမျက်စိရောဂါ၊ အဝေးမှုန်နဲ့ မျက်စိစွေတာတွေ ဖြစ်နေတာမျိုးရှိပါတယ်။ အားလုံးကို ခြုံကြည့်မယ်ဆိုရင် ဒေသခံတွေမှာ မျက်စိနဲ့သက်ဆိုင်တဲ့ အသိပညာဗဟုသုတ အားနည်းတာကို တွေ့ရပါတယ်။ အသက်ကြီးလို့ မျက်စိမှုန်တာ၊ အတွင်းတိမ်ကြောင့် မျက်စိခွဲစိတ်ဖို့လိုတာတွေကိုလုပ်ဖို့ အဘိုးအဘွားအများစုက ကြောက်နေကြတာတွေ့ရပါတယ်။ ပဏာမမျက်စိစစ်ဆေးမှုရလဒ်တွေအရ ဒေသခံတွေအနေနဲ့ မင်းဘူးဆေးရုံမှာလာရောက်စစ်ဆေးတဲ့အခါ Intraocular Pressure (IOP) ပြန်တိုင်းတာ၊ မျက်စိနဲ့ပတ်သက်ပြီး အသေးစိတ်စစ်ဆေးတာနဲ့ အတွင်းတိမ်ခွဲစိတ်ဖို့နဲ့ အာရုံကြော၊ ဆီးချို၊ သွေးတိုးစစ်ဆေးတာ စတာတွေလုပ်ပေးခဲ့ပါတယ်။ MPRL E&P ရဲ့ “အမြင်ကြည်လင်၊ ပြုံးပျော်ရွှင်” မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်က မန်းရေနံမြေဒေသခံတွေအတွက် အရမ်းအကျိုးရှိတယ်လို့ ယူဆပါတယ်။ ကျောင်းနေအရွယ်ကလေးတွေအတွက် လိုအပ်တဲ့မျက်မှန်၊ အားဆေးထောက်ပံ့ပေးတာ၊ မျက်စိစွေနေတဲ့ ကျောင်းနေအရွယ်ကလေးကိုလည်း မျက်စိခွဲစိတ်နိုင်ဖို့ ပံ့ပိုးပေးတာ၊ အခုဆို မျက်စိအတွင်းတိမ်ရောဂါရှိနေတဲ့ အဘိုးအဘွားတွေအတွက်လည်း အမြင်အာရုံကောင်းလာအောင်ပံ့ပိုးတာတွေက ကလေး၊ လူကြီး ဒီဒေသခံအားလုံးအတွက် တကယ့်ကို အကျိုးရှိပါတယ်။ အခုလို အစီအစဉ်တွေကို နှစ်တိုင်းဆောင်ရွက်ပေးမယ်ဆိုရင် မန်းရေနံမြေဒေသခံတွေမှာ မျက်စိဝေဒနာကင်းရှင်းပြီး အကျိုးကျေးဇူးပိုများလာမှာမို့ MPRL E&P ရဲ့ CSR အစီအစဉ်အနေနဲ့လည်း ပိုပြီးအောင်မြင်လာပါလိမ့်မယ်။”



**ဒေါ်ကြည်သန်း**
အေးမြကျေးရွာ

"ကျွန်မက အစိုးရဝန်ထမ်းဟောင်းခင်ပွန်းဖြစ်သူ ကျန်ရစ်ခဲ့တဲ့ မိသားစုပင်စင်နဲ့နေပြီး စက်ချုပ်ပြီး အသက်မွေးရသူမို့ မျက်စိကောင်းပြီး သဲသဲကွဲကွဲမြင်ချင်ပါတယ်။ ၂၀၁၈ လောက်မှာ မျက်စိကြည့်ရတာ အဆင်မပြေတော့လို့ ကွယ်လွန်သူခင်ပွန်းရဲ့ လုပ်သက်အပိုဆုကြေး (Gratuity) နဲ့ ညာဖက်မျက်စိခွဲခဲ့ရပါတယ်။ အဲ့ဒီအချိန်ကတောင် ခွဲစိတ်မှုကုန်ကျစရိတ်က သုံးသိန်းကျော်လောက် ကုန်ခဲ့တယ်။ မျက်စိဘယ်ညာနှစ်ဖက်လုံးခွဲဖို့လိုပေမယ့် မတတ်နိုင်တော့ တစ်ပြိုင်တည်း မခွဲဖြစ်ခဲ့ဘူး။ မျက်စိမကောင်းတော့ စက်လည်းကောင်းကောင်း မချုပ်နိုင်ခဲ့ဘူး။ ပင်စင်လစာရှစ်သောင်းကလည်း စားသောက်စရိတ်အတွက်ပဲရတာမို့ မျက်စိခွဲဖို့ ငွေပိုငွေလျှံလည်း မရှိခဲ့ပါဘူး။ အခု ဘယ်ဖက်မျက်စိအတွင်းတိမ်ခွဲစိတ်ဖို့ကို MPRL E&P က အပြည့်အဝ တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်မမှာ သွေးတိုးရှိတော့ မျက်စိမခွဲခင် ကုမ္ပဏီရဲ့ CSR အစီအစဉ်ကနေ ဖွင့်လှစ်ထားတဲ့ ရွေ့လျားဆေးပေးခန်းကနေ သွေးညှိဆေး၊ သွေးကျဆေး၊ အားဆေးတွေပေးပြီး ကြိုတင်ဆေးတိုက်ထားတာမို့လို့ မျက်စိခွဲချိန်မှာ အခက်အခဲမရှိတော့ပါဘူး။ ဆေးခန်းကနေ သောက်ရမယ့်ဆေးတွေကိုလည်း အခမဲ့ပေးခဲ့တာမို့ အတော်အဆင်ပြေခဲ့ပါတယ်။ ခုလည်း တစ်ယောက်တည်းသမားမို့ မျက်စိကောင်းကောင်းမြင်ချင်တယ်။ မျက်စိတစ်ဖက်တည်းနဲ့လည်းမဖြစ်တော့ နှစ်ဖက်လုံးမြင်မှ အဆင်ပြေမှာပါ။ သားသမီးတွေက မျက်စိခွဲပေးမယ်ပြောပေမယ့် သူတို့လည်း ကိုယ်စီအိမ်ထောင်တွေနဲ့ စီးပွားရေးအဆင်ပြေကြတာမဟုတ်လို့ ခွဲပေးဖို့မပြောရက်ပါဘူး။ အခုဆို MPRL E&P ကုမ္ပဏီက မျက်စိခွဲပေးလို့ ကျွန်မအနေနဲ့ ငွေတစ်ပြားတစ်ချပ်မှ မကုန်ဘဲ မျက်စိကောင်းကောင်းမြင်ရတာပါ။ ကုမ္ပဏီရဲ့ CSR အစီအစဉ်ကနေ မျက်စိအတွင်းတိမ်ဖြစ်တဲ့ ကျွန်မတို့လို မန်းရေနံမြေက သက်ကြီးရွယ်အိုတွေကို မျက်စိခွဲပေးမယ့်သတင်းကြားတော့ အရမ်းဝမ်းသာခဲ့တာ။ ခွဲစိတ်ချိန်က ၁၅ မိနစ်လောက်ပဲ ကြာခဲ့တယ်။ ခွဲစိတ်ပြီးတာနဲ့လည်း မျက်စိက ချက်ချင်းပြန်မြင်ရတယ်။ ခွဲစိတ်ဆရာဝန်မကြီးညွှန်ကြားထားတဲ့အတိုင်း မျက်စဉ်းလည်း ပုံမှန်ခပ်နေပါတယ်။ အခုဆို မျက်စိက ကောင်းကောင်းမြင်ရပြီ။ နောက်နှစ်လ၊ သုံးလလောက်နေရင် စက်ချုပ်တဲ့အလုပ်ကို ပြန်လုပ်နိုင်မယ်ထင်ပါတယ်။ MPRL E&P ကုမ္ပဏီဟာ ကျွန်မတို့ဒေသခံတွေကို အများကြီးအကျိုးပြုပါတယ်။ ဒီအဖွဲ့အစည်းရှိနေတော့ ကျွန်မတို့ဒေသခံတွေမှာ အစစအရာရာ အဆင်ပြေတာပေါ့။ မျက်စိခွဲစိတ်ကုသပေးတဲ့ MPRL E&P ကုမ္ပဏီနဲ့ ပံ့ပိုးကူညီသူအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။"





**ဦးအောင်မောင်း**
အေးမြကျေးရွာ

"ကျွန်တော်က ရေနံဝန်ထမ်းဘဝက ပင်စင်ယူပြီးနောက်ပိုင်း ဘယ်ဖက်မျက်စိမှုန်လာတာကို သတိထားမိပေမယ့် ဂရုတစိုက်ကုသဖြစ်တာမျိုး မရှိပါဘူး။ ပင်စင်စားတွေမို့ စီးပွားရေးအရလည်း ပြည့်စုံမှုမရှိခဲ့တော့ မျက်စိကျန်းမာရေးစစ်ဆေးဖို့ နှောင့်နှေးကြန့်ကြာခဲ့ပါတယ်။ MPRL E&P ရဲ့ CSR အစီအစဉ်ကနေ အကုန်အကျခံပြီး မန်းရေနံမြေက အသက် (၆၀) နဲ့အထက် လူကြီးတွေကို မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးမယ်ကြားတော့ အခါကောင်းပဲဆိုပြီး ဒီအစီအစဉ်မှာ လာပြီးပြဖြစ်ခဲ့တာပါ။ စမ်းသပ်တော့ မျက်စိက အတွင်းတိမ်ရှိနေတာသိခဲ့ပြီး မျက်စိခွဲစိတ်ဖို့ လိုတယ်လို့ ဆရာမကြီးက ပြောပါတယ်။ ညာဖက်မျက်စိကမှုန်ပေမယ့် ဘယ်ဖက်မျက်စိလောက်မဆိုးဘူး။ အခု ကုမ္ပဏီက မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးမယ်လို့ ရွာထဲမှာကြေညာတော့ စေတနာ့ဝန်ထမ်းတွေရယ်၊ CSR ဝန်ထမ်းတွေနဲ့ ကျေးရွာတာဝန်ရှိတဲ့သူတွေကနေ ချိတ်ဆက်ပေးတာကြောင့် မျက်စိခွဲစိတ်ဖြစ်ခဲ့တာပေါ့။ မျက်စိကို စစမ်းတဲ့အချိန်ကနေ ခွဲစိတ်ပြီးတဲ့အထိ MPRL E&P ကုမ္ပဏီကပဲ လိုလေသေးမရှိ ပံ့ပိုးကူညီခဲ့ပါတယ်။ မန်းကျိုးကျေးရွာစုရပ်မှာ မျက်စိကျန်းမာရေးဟောပြောပွဲနဲ့ မျက်စိစမ်းသပ်ခံဖို့သွားတဲ့အချိန်ကတည်းက ကျွန်တော်တို့လူကြီးတွေ သွားရေးလာရေး အဆင်ပြေအောင် မော်တော်ကားတွေ စီစဉ်ပေးထားတယ်။ ကျေးရွာ (၁၄) ရွာက အဘိုးအဘွားတွေအတွက် သက်တောင့်သက်သာ ထိုင်ပြုစောင့်ဆိုင်းနိုင်ဖို့ စီစဉ်ထားတာတွေက အတော်ကိုစနစ်ကျပါတယ်။ အာဟာရအနေနဲ့လည်း ဗိုက်ဆာရင်စားနိုင်ဖို့ မုန့်ပဲသရေစာတွေလည်း စီစဉ်ပေးထားတယ်။ သန့်စင်ခန်းသုံးတဲ့ကိစ္စတွေကအစ အဆင်ပြေအောင် လုပ်ထားပေးတော့ စီစဉ်ဆောင်ရွက်ပုံတွေကို အကဲဖြတ်မယ်ဆိုရင် CSR အစီအစဉ်အနေနဲ့ ဒေသအကျိုးစီးပွားဖြစ်အောင် ပံ့ပိုးတာမှာ ဒေသခံလူထုနဲ့ ချိတ်ဆက်မှုအားကောင်းတာကို တွေ့ရတယ်။ စေတနာ့ဝန်ထမ်းတွေနဲ့ စုဖွဲ့နိုင်တာ ချိတ်ဆက်မှုကောင်းတာတွေကြောင့် အဘိုးအဘွားတွေက အဆင်ပြေပြေနဲ့ မျက်စိစမ်းသပ်စစ်ဆေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ရွာခံအများစုက ပင်စင်စား လူအိုတွေဆိုတော့ ကုမ္ပဏီရဲ့ရွေ့လျားဆေးခန်းတွေကို အင်မတန် အားကိုးအားထားပြုနေရတာပါ။ နောက်ပြီး ဒီလိုလူမှုအကျိုးစီးပွားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်တာဟာ ဒီကျန်းမာရေးကဏ္ဍတစ်ခုတည်းမဟုတ်ပါဘူး။ ရပ်ရွာမှာ ပညာရေး၊ အသက်မွေးဖို့နဲ့ အမှိုက်ပစ်တာကအစ ကဏ္ဍစုံကို တိုးတက်အောင်ဆောင်ရွက်ပေးနေတာ ရွာခံတွေအားလုံး သိမြင်နေကြပါတယ်။ MPRL E&P က ဆောင်ရွက်ပေးထားတဲ့ CSR လုပ်ငန်းတွေရဲ့အသီးအပွင့်ရလဒ်ကိုလည်း အားလုံးခံစားရရှိနေကြပါတယ်။ မျက်စိအထူးကုဆရာဝန်မကြီးက မျက်စိကျန်းမာရေးဟောပြောပွဲမှာ သေချာရှင်းပြ ပြောပြတော့ ဆောင်ရန်၊ ရှောင်ရန်တွေကို ပိုနားလည်လာပြီး ခွဲရစိတ်ရမှာလည်း မကြောက်တော့ဘူး။ အခုက ဘယ်ဖက်မျက်စိအတွင်းတိမ်ကို ခွဲစိတ်ခဲ့တာမို့ တဖြည်းဖြည်းချင်း မျက်စိကြည့်လို့ကောင်းလာလို့ဝမ်းသာမိတယ်။ အခုလို မျက်စိကျန်းမာရေးအစီအစဉ်ကို အဆင်ပြေပြေချောချောမွေ့မွေ့နဲ့ ပြီးမြောက်အောင်ဆောင်ရွက်ပေးတဲ့ MPRL E&P ရဲ့ CSR အစီအစဉ်နဲ့ တာဝန်ရှိသူတွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေအားလုံးကို ကျေးဇူးတင်ပါတယ်။"

စာမျက်နှာ - ၂၂ ➤














# အွန်လိုင်းအင်္ဂလိပ်စာသင်တန်း ပုံမှန်ဖွင့်လှစ်ပို့ချ၊ သင်တန်းထိရောက်မှုနှင့် သင်တန်းနည်းပြများ၏ စွမ်းဆောင်ရည် လေ့လာမှုစစ်တမ်းကောက်ယူ

မန်းရေနံမြေဒေသခံလူငယ်များအတွက် MPRL E&P ကုမ္ပဏီ၏ စွမ်းရည်မြှင့်အစီအစဉ်တစ်ရပ်အနေဖြင့် အေးမြကျေးရွာရှိ ကျေးရွာလူထုအခြေပြုဗဟိုဌာန (Community Center) တွင် အွန်လိုင်းအင်္ဂလိပ်စာ သင်ကြားမှုအစီအစဉ်ကို iGroup (Asia Pacific) Limited ၏ mango-STEEMS Myanmar နှင့် ချိတ်ဆက်၍ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့တွင် စတင်ခဲ့ရာ အေးမြကျေးရွာနေ ကျောင်းသား (၁၅) ဦး တက်ရောက်လေ့လာသင်ယူလျက်ရှိသည်။ အဆိုပါ အွန်လိုင်းအင်္ဂလိပ်စာသင်တန်းအစီအစဉ်၏ ထိရောက်မှုနှင့် သင်တန်းနည်းပြများ၏ စွမ်းဆောင်ရည်ကို လေ့လာအကဲခတ်နိုင်ရန် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားကျောင်းသားများနှင့် ၎င်းတို့၏ မိဘများထံမှ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း သဘောထားစစ်တမ်းကောက်ယူခဲ့သည်။

နန်းဦးနှင့် အောက်ကျောင်းကျေးရွာတို့တွင် အွန်လိုင်းအင်္ဂလိပ်စာသင်တန်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရန် ဒုတိယတန်းနှင့်တတိယတန်း ကျောင်းသားကျောင်းသူများအတွက် အခြေခံကွန်ပြူတာသင်တန်းကို သီတင်းပတ် (၆) ပတ်တာကြိုတင်သင်ကြားပေးနိုင်ရန် တက်ရောက်လိုသည့် ကျောင်းသားများကို ဖိတ်ခေါ်ခဲ့သည်။ အဆိုပါသင်တန်းသို့ တက်ရောက်ရန် လျှောက်ထားသည့် ကျောင်းသား (၃၈) ဦးအနက် (၂၅) ဦးကို ရွေးချယ်ခဲ့ပြီး ဩဂုတ်လ (၁၉) ရက်မှ စက်တင်ဘာလ (၁၇) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။ mangoSTEEMS Myanmar နှင့် ချိတ်ဆက်၍ ဖွင့်လှစ်သင်ကြားပေးမည့် အွန်လိုင်းအင်္ဂလိပ်စာသင်တန်းတက်ရောက်ခွင့်ကို အဆိုပါ သင်တန်းသား (၂၅) ဦးကို ဝင်ခွင့်စစ်ဆေးပြီး စီစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

အွန်လိုင်းအင်္ဂလိပ်စာသင်တန်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်ရာတွင် သင်တန်း၏ ထိရောက်မှု၊ သင်တန်းနည်းပြများ၏ သင်ကြားပြသမှုအပေါ် နားလည်မှုနှင့် ကျောင်းသားများကိုယ်တိုင် လေ့လာဆည်းပူးနိုင်မှု အခြေအနေတို့ကို လေ့လာသုံးသပ်ပြီး လိုအပ်သည်များ ထပ်မံပံ့ပိုးနိုင်ရန် MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ■





အွန်လိုင်းအင်္ဂလိပ်စာသင်တန်းထိရောက်မှုနှင့် နည်းပြများ၏စွမ်းဆောင်ရည်တို့ကို ဆန်းစစ်နိုင်ရန် သင်တန်းသားများနှင့် မိဘများထံမှ သဘောထားမှတ်ချက်ကောက်ယူခြင်း









## အခြေခံပညာကျောင်းများရှိ လက်ဆေးစင်နှင့်ရေသန့်စက်များ ကြံ့ခိုင်မှုအခြေအနေ သွားရောက်စစ်ဆေး၊ ရေအရည်အသွေးစစ်ဆေးမှုရလဒ်များအကြောင်းပြန်

MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကတည်းက ရေနှင့်သန့်ရှင်းရေး "WASH" အစီအစဉ်၏ ကဏ္ဍတစ်ရပ်အနေဖြင့် မန်းရေနံမြေ အခြေခံပညာကျောင်းများတွင် ကျောင်းသုံးလက်ဆေးစင် (၁၁) ခုကို ပံ့ပိုးခဲ့ရာ အဆိုပါ လက်ဆေးစင်များ၏ ကြံ့ခိုင်မှုအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန် ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း မန်းရေနံမြေရှိ အခြေခံပညာကျောင်းများသို့ သွားရောက်လေ့လာပြီး လိုအပ်သည်များ ပြုပြင်နိုင်ရန် ဆောင်ရွက်ခဲ့သည်။



ထို့အပြင် မန်းရေနံမြေထိစပ်ကျေးရွာများရှိ အခြေခံပညာကျောင်း (၁၀) ကျောင်းတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် တပ်ဆင်ထားပြီးဖြစ်သည့် ရေသန့်စက်များမှရရှိသည့် သောက်သုံးရေ အရည်အသွေးစစ်ဆေးနိုင်ရန် ရေနမူနာများရယူ၍ နှစ်စဉ်ဓာတ်ခွဲ စမ်းသပ်လေ့လာလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ကျောင်း (၁၀) ကျောင်းအနက် ကျောင်း (၉) ကျောင်းရှိရေသန့်စက်များမှထွက်ရှိသည့် ရေနမူနာများ စုစည်းရယူ၍ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်ရှိ ISO Tech ဓာတ်ခွဲခန်းသို့ ပို့ဆောင်ကာ ကိုလီဖောင်းဘက်တီးရီးယားပါဝင်မှုနှင့်စပ်လျဉ်း၍ ရေအရည်အသွေးစစ်ဆေးခဲ့သည်။ အဆိုပါ စစ်ဆေးမှုများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၂၆၂,၂၅၀/ (ကျပ်နှစ်သိန်းခြောက်သောင်းနှစ်ထောင့်နှစ်ရာ့ငါးဆယ်) အကုန်အကျခံ ပံ့ပိုးခဲ့သည်။



ကိုလီဖောင်း (Total Coliforms) သည် မြေ၊ မြေပေါ်ရေနှင့် ထိစပ်နေသော ရေ၊ လူ (သို့မဟုတ်) တိရစ္ဆာန်စွန့်ပစ်အညစ်အကြေးများတွင် တွေ့ရှိရသော ဘက်တီးရီးယား အားလုံးကို ဆိုလိုခြင်းဖြစ်ပြီး အများစုသည် အန္တရာယ်မရှိပါ။ ရေစမ်းသပ်မှုရလဒ်တွင် Total Coliforms များတွေ့ရှိရပါက ရေတွင် ရောဂါဖြစ်နိုင်ခြေရှိသည့် ရေညစ်ညမ်းမှုရှိနေခြင်းကို ညွှန်ပြသဖြင့် Fecal Coliform (မစင်များတွင် တွေ့ရသည့် ဘက်တီးရီးယား) ရှိ၊ မရှိကိုပါ မဖြစ်မနေ စစ်ဆေးရန်လိုအပ်သည်။ Fecal Coliform သည် သွေးနွေးတိရစ္ဆာန်များ၏ မစင်နှင့် အူလမ်းကြောင်းတွင် အဓိကတွေ့ရှိရသည့် Total Coliforms အမျိုးအစားတစ်ခုဖြစ်သည်။ Fecal Coliform ဘက်တီးရီးယားပိုးကြောင့် ဝမ်းလျှော၊ ဝမ်းပျက် ဖြစ်စေနိုင်ပြီး တိုက်ဖွိုက် (အူရောင်ငန်းဖျား) ရောဂါများဖြစ်စေနိုင်သည်။ ရေကိုကြိုချက်သောက်ခြင်း (သို့) ကလိုရင်းခတ်ခြင်းဖြင့် အဆိုပါ ဘက်တီးရီးယားပိုးများ သေဆုံးစေနိုင်သည်။

စစ်ဆေးမှုအရ ကျောင်းများရှိ ရေသန့်စက်မှရရှိသည့် သောက်သုံးရေများသည် သောက်သုံးနိုင်သည့် ရေချိုရေသန့်အဆင့်တွင်ရှိပြီး ဘေးကင်းကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် သက်ဆိုင်ရာ အခြေခံပညာကျောင်းများရှိ တာဝန်ရှိသူများထံ စစ်ဆေးမှုရလဒ်များကို သွားရောက်ရှင်းလင်းပြသခဲ့ပြီးဖြစ်သည်။

ထို့အပြင် မန်းကျိုးနှင့် ချင်တောင်ကျေးရွာတို့ရှိ တွင်းရေများ၏ ကလိုရင်းနှင့် ဆားဓာတ်ပါဝင်မှုအတွက် အရည်အသွေးစစ်ဆေးနိုင်ရန် ISO Tech ဓာတ်ခွဲခန်းသို့ပေးပို့ စစ်ဆေးခဲ့ရာ ရလဒ်များအရ အဆိုပါတွင်းရေများသည် WHO ၏ ရေအရည်အသွေးသတ်မှတ်ချက်တွင် ပါဝင်သည့် ကလိုရင်းနှင့် ဆားဓာတ်ပါဝင်မှု စံနှုန်းများအတွင်းသာရှိသည့်အတွက် သောက်သုံးရေအဖြစ် ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။ ■

## မန်းရေနံမြေရှိ MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးထားပြီးဖြစ်သည့် ရေလှောင်ကန်ဟောင်းများ ပြုပြင်မွမ်းမံသည့်လုပ်ငန်းများပြီးစီး

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မန်းရေနံမြေကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းလျာထားချက်များအနက် မယ်ဘော့ကုန်း၊ ကြာကန်နှင့်အောက်ကျောင်းကျေးရွာတို့တွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့သည့် ရေလှောင်ကန်ဟောင်းများကို ပြန်လည်ပြုပြင်မွမ်းမံမှုများကို ၂၀၂၃ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လတို့အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည်။ အဆိုပါ လုပ်ငန်းအရ ကျေးရွာ (၃) ရှိ ရေလှောင်ကန်ဟောင်း (၄) ခုတွင် အမိုးအကာများ ပြုပြင်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်းနှင့် ရေလှောင်ကန် ဆေးသုတ်လုပ်ငန်းများကို သက်ဆိုင်ရာ ဒေသခံလုပ်ငန်းအဖွဲ့များနှင့် ချိတ်ဆက်၍ ပြုပြင်မွမ်းမံခဲ့သည်။

မယ်ဘော့ကုန်းကျေးရွာ ရေလှောင်ကန်ဟောင်းပြုပြင်မွမ်းမံခြင်းအတွက် ကျပ် ၃၀၀,၉၀၀/၊ အောက်ကျောင်းကျေးရွာ ရေလှောင်ကန်ဟောင်း ပြုပြုမွမ်းမံခြင်းအတွက် ကျပ် ၂၅၂,၃၀၀/နှင့် ကြာကန်ကျေးရွာ ရေလှောင်ကန်ဟောင်းနှစ်ကန် ပြုပြင်မွမ်းမံခြင်းအတွက် ကျပ် ၁,၈၄၂,၈၅၀/ ကုန်ကျခဲ့ပြီး အဆိုပါ ပြုပြင်မွမ်းမံထိန်းသိမ်းမှုများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် စုစုပေါင်း ကျပ် ၂,၃၉၆,၀၅၀/ (ကျပ်နှစ်ဆယ့်သုံးသိန်းကိုးသောင်းခြောက်ထောင့်ငါးဆယ်) အကုန်အကျခံ၍ ဆောင်ရွက်ခဲ့သည်။ ■







မန်းရေနံမြေထိစပ်ကျေးရွာများရှိ ရေလှောင်ကန်ဟောင်းများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း



# ရပ်ရွာကောင်းကျိုး ဖွံ့ဖြိုးစေရာ ဇာတိစိတ်နှင့် ချစ်ခြင်းမေတ္တာ

မိမိရပ်ရွာ၊ လူ့အဖွဲ့အစည်းနှင့် တစ်စုံတစ်ဦးအတွက် စေတနာ့ဝန်ထမ်းခြင်းသည် အများအကျိုးကို ထောက်ရှုသည့် ကိုယ်ချင်းစာနာစိတ်ဖြင့် အချိန်ပေးအားထုတ်ကြိုးပမ်းဆောင်ရွက်ရသည့် ချစ်ခြင်းမေတ္တာပြယုဂ်တစ်ခုပင် ဖြစ်သည်။ စေတနာ့ဝန်ထမ်းနိုင်အောင်ပံ့ပိုးသည့် နောက်ခံတွန်းအား၊ လက်ရှိအခြေအနေနှင့် အလားအလာတို့ကို အခြေခံ၍ စေတနာ့ဝန်ထမ်းခြင်းကို လေ့လာကြည့်ပါက မေးခွန်းအချို့ရှိလာသည်။ "ဘယ်သူတွေက ဘာ့ကြောင့် စေတနာ့ဝန်ထမ်းကြသလဲ"၊ "အဖွဲ့အစည်းတွေရဲ့ ဘယ်လိုအလေ့အကျင့်ကောင်းတွေက စေတနာ့ဝန်ထမ်းတွေကို ကျေနပ်ပျော်ရွှင်စေသလဲ"၊ "စေတနာ့ဝန်ထမ်းခြင်းက အကူအညီလက်ခံရရှိသူ၊ စေတနာ့ဝန်ထမ်းတွေနဲ့ အများပြည်သူအတွက် ဘယ်လိုအကျိုးတွေဖြစ်ထွန်းစေသလဲ" ဟူ၍ ဖြစ်သည်။

ကမ္ဘာတစ်ဝှမ်းတွင် ရာသီဥတုဘေး၊ ရောဂါဘယ၊ ဆင်းရဲမွဲတေမှု၊ ငြိမ်းချမ်းရေးနှင့် အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များတွင် အခက်အခဲနှင့်ပြဿနာမျိုးစုံ ရင်ဆိုင်နေရသည့် လူသန်းပေါင်းများစွာရှိနေပြီး ယင်းအခက်အခဲများကို ကူညီဖြေရှင်းနေသည့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း သမိုင်းတစ်လျှောက် အရေးပါအရာရောက်ခဲ့သည်။

အလားတူ လူ့အဖွဲ့အစည်းအတွင်း လူမှုအကျိုးစီးပွားဖြစ်ထွန်းစေရန် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူနှင့် ဒေသခံများအကြား နှစ်ဦးနှစ်ဘက် အပြန်အလှန်လေးစားသည့် ဆက်ဆံရေးဖြင့် အတူယှဉ်တွဲလုပ်ကိုင်နိုင်အောင် အားထုတ်ကြိုးပမ်းကြသည့် စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်းလည်း ရှိပါသည်။ MPRL E&P သည် မန်းရေနံမြေတွင် တာဝန်သိစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဒေသခံများထံမှ လူမှုရေးအရ သဘောတူကြည်ဖြူမှုဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပြီး ယင်းသို့ဆောင်ရွက်နိုင်ခြင်း၏ အရေးပါသည့် အချက်တစ်ချက်မှာ ဒေသခံစေတနာ့ဝန်ထမ်းများ၏ စေတနာ့ဝန်ထမ်း ပူးပေါင်းပါဝင်မှုအားကို ဖော်ထုတ်အသုံးပြုခြင်းပင်ဖြစ်သည်။

မန်းရေနံမြေရှိ ထိစပ်ကျေးရွာ (၁၄) ရွာရှိ ဒေသခံများအနက် ကျေးရွာတစ်ရွာလျှင်တစ်ဦးနှုန်း ကိုယ်စားပြုသည့် စေတနာ့ဝန်ထမ်းများက ကုမ္ပဏီနှင့်ဒေသခံများ အတူပူးပေါင်းလုပ်ကိုင်ရသည့်လုပ်ငန်းတိုင်းအတွက် ပေါင်းကူးဆောင်ရွက်ပေးသူအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ MPRL E&P အနေဖြင့် မန်းရေနံမြေတွင် လူမှုတာဝန်သိ CSR လုပ်ငန်းများကို မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ်မှစတင်၍ ကုမ္ပဏီနှင့်အတူ ယနေ့အထိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများရှိပြီး ၎င်းတို့သည် CSR လုပ်ငန်းဆောင်ရွက်မှု ဆယ်စုနှစ်တစ်ခုစာ ကာလတစ်လျှောက်လုံး တစ်စိုက်မတ်မတ် လက်တွဲခဲ့သူများလည်းဖြစ်သည်။ ယင်းတို့အနက် မန်းရေနံမြေဒေသခံစေတနာ့ ဝန်ထမ်းနှစ်ဦး၏ စေတနာ့ဝန်ထမ်းလုပ်ငန်းအပေါ်ခံယူချက်၊ သဘောထားနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို အများ ပြည်သူသိရှိနိုင်စေရန် တို့မန်းမြေစာစောင် သတင်းအယ်ဒီတာအဖွဲ့က ဆက်သွယ်မေးမြန်းခဲ့ပါသည်။



ဒေါ်သိင်္ဂီဝမ်း
ကျေးရွာစေတနာ့ဝန်ထမ်း
မယ်ဘော့ကုန်းကျေးရွာ

အသက် (၅၂) နှစ်အရွယ်၊ သားသမီး (၃) ဦး၏ မိခင်ဖြစ်သူ ဒေါ်သိင်္ဂီဝမ်းသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ မယ်ဘော့ကုန်းကျေးရွာ ကိုယ်စားပြု ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စေတနာ့ဝန်ထမ်းဆောင်ရွက်မှု (၈) နှစ်ကျော်ကြာကာလအတွင်း ဒေါ်သိင်္ဂီဝမ်းသည် အိမ်မှုကိစ္စနှင့်စေတနာ့ဝန်ထမ်းအလုပ်ကို အချိန်ခွဲခြားသတ်မှတ်၍ ပါဝင်ဆောင်ရွက်ခဲ့သည်။ ၎င်းလုပ်ကိုင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းအလုပ်နှင့်စပ်လျဉ်း၍ ဒေါ်သိင်္ဂီဝမ်းက "ကျွန်မက မယ်ဘော့ကုန်းရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တွေရယ်၊ ရပ်ရွာက မိသားစုတွေနဲ့ ကုမ္ပဏီတာဝန်ရှိသူများအကြားမှာ ပေါင်းကူးတံတား လိုပါပဲ" ဟု ဆိုသည်။

"ရပ်ထဲရွာထဲနဲ့ ယာတွေထဲမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ လျှပ်စစ်အန္တရာယ်ရှိတာမျိုးတွေ၊ ပိုက်လိုင်းပေါက်တာနဲ့ တခြားတင်ပြစရာတွေရှိလာရင် ကျွန်မဆီကိုရပ်ရွာက မိသားစုတွေက လာပြောပြ၊ တင်ပြရတဲ့ကိစ္စတွေမှာ စေတနာ့ဝန်ထမ်းအနေနဲ့ CSR လုပ်ငန်းအဖွဲ့ဝင်တွေနဲ့ ချိတ်ဆက်ပြီး ရှင်းပြ၊ ပြောဆို၊ တင်ပြပေးပါတယ်။ MPRL E&P ရဲ့ CSR လုပ်ငန်းတွေဖြစ်တဲ့ ကျေးရွာအခြေခံအဆောက်အဦ ပြုပြင်မွမ်းမံထိန်းသိမ်းတဲ့ ကျောင်းဆောင်ပြုပြင်မွမ်းမံတာ၊ ရေလှောင်ကန်တည်ဆောက် ပြုပြင်တာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့လုပ်ငန်းတွေမှာ ရပ်ရွာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးတာအပြင် ဆေးခန်းဖွင့်တဲ့အခါလိုအပ်တဲ့နေရာမှာ ကူပေးခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာတော့ ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေအနေနဲ့ မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အတွက် ကျေးရွာကျောင်းတွေနဲ့ ဒေသခံတွေဆီကနေလိုအပ်တဲ့ စာရင်းအချက်အလက်တွေ ကောက်ယူနိုင်ဖို့နဲ့ အခြားလိုအပ်တဲ့ အကူအညီတွေပေးနိုင်ဖို့ကို ပိုပြီးအာရုံစိုက်ခဲ့ပါတယ်။"

MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာရှိ စေတနာ့ဝန်ထမ်းတိုင်းသည် လုပ်ငန်းဆိုင်ရာသက်ရောက်မှုများ ရပ်ရွာအတွင်းရှိလာပါက အတူပူးပေါင်းဖြေရှင်းသည့် စနစ်တစ်ခုဖြစ်သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism - OGM) အတွက် ကုမ္ပဏီနှင့်ဒေသခံများအကြားကြားခံဆက်သွယ်ဆောင်ရွက်သူအဖြစ် အဓိကတာဝန်ထမ်းဆောင်ရသည်။ အလားတူ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကုမ္ပဏီ၏ CSR လုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒေသခံစေတနာ့ဝန်ထမ်းများ၏ အကူအညီများကလည်း အရေးပါလှသည်။

"စေတနာ့ဝန်ထမ်းလုပ်ရတာ အားသာမှုအများကြီးရှိပါတယ်။ ကျွန်မတို့လို ကျေးလက်က အိမ်ရှင်မတစ်ယောက်အနေနဲ့ လက်လှမ်းမီဖို့ခဲယဉ်းတဲ့ ပူးပေါင်းဆောင်ရွက်ရေးသင်တန်းတွေကို တက်ခွင့်ရသလို ကုမ္ပဏီကပံ့ပိုးဖွင့်လှစ်ခဲ့တဲ့ သက်မွေး

ပညာသင်တန်းတွေမှာလည်း ဝိုင်းဝန်းကူညီခွင့်ရတော့ အမြင်ကျယ်ကျယ်နဲ့ လုပ်တတ်လာပါတယ်။ အခုဆို ရပ်ကျိုးရွာကျိုးလုပ်ရတာမှာလည်း ပိုပြီးတော့ ထိရောက်တွင်ကျယ်လာတာပေါ့” ဟုဆိုသည်။ MPRL E&P ၏ CSR လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံစေတနာ့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြှင့်တင်နိုင်ရန် စေတနာ့ဝန်ထမ်း ကြီးကြပ်လမ်းညွှန်မှုသင်တန်းနှင့် အခြားဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပို့ချသည့် သင်တန်းများကို MPRL E&P က ပံ့ပိုးခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မင်းဘူးမြို့ရှိ မင်းမင်းဟိုတယ်၌ နှစ်ရက်တာဖွင့်လှစ်ခဲ့သည့် “ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း” စွမ်းရည်မြှင့်တင်ရေးသင်တန်းနှင့်စပ်လျဉ်း၍ “ကျွန်မဆို အခုနောက်ဆုံးတက်ခဲ့တဲ့သင်တန်းမှာ ဆရာမတွေကလည်း သေချာလေးသင်ပြပို့ချပေးတော့ ဦးဆောင်မှုနဲ့ လူမှုဆက်ဆံရေးအပိုင်းမှာ တိုးတက်လာတယ်လို့ ခံစားရပါတယ်။ အရင်က မေ့လျော့တတ်တဲ့အကျင့်လေးတွေကအစ ပြုပြင်ပြီးဖြစ်သွားတယ်။ အခုဆိုရင်ရပ်ရွာထဲမှာ သက်ဆိုင်တဲ့သူနဲ့ ချိတ်ဆက်လုပ်ကိုင်ရတဲ့အပိုင်းတွေမှာ ပိုပြီး တိုးတက်လုပ်ကိုင်လာနိုင်ပါတယ်။ လုပ်ကိုင်ရတဲ့ လုပ်ငန်းစဉ်ကို နားလည်လာပြီး နဂိုအသိထက်ပိုသိလာတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်” ဟု သူမက ရှင်းလင်းပြောဆိုသည်။

ဒေါ်သိဂီဝမ်းအနေဖြင့် စေတနာ့ဝန်ထမ်းဆောင်ရွက်မှုကို ရပ်ရွာအကျိုးဆောင်ရွက်မှုဟု မှတ်ယူပြီး စေတနာ့ဝန်ထမ်းလုပ်သက် (၈) နှစ်တာကာလအတွင်း ရပ်ရွာနှင့်ပတ်သက်၍ ကူညီလုပ်ကိုင်ဆောင်ရွက်မှုများကို  ကုသိုလ်ရသည့် လုပ်ငန်းအဖြစ်ခံယူကာ စေတနာထားဆောင်ရွက်လျက်ရှိကြောင်း၊ ကုမ္ပဏီအနေဖြင့်လည်း စေတနာ့ဝန်ထမ်းအသိအမှတ်ပြုအစီအစဉ်များဖြင့် ဘုရားဖူးခရီးစဉ်များနှင့် အခြားပံ့ပိုးမှုများကိုလည်း အမှတ်တရ ပြန်လည်ပြောပြသည်။ “ကျွန်မတို့အားလုံး မန္တလေး၊ ပုဂံခရီးစဉ်တွေကို ကုမ္ပဏီအစီအစဉ်နဲ့သွားခဲ့ကြတယ်။ မှတ်မှတ်ရရ မနှစ်က မန်းရွှေစက်တော်မှာ စေတနာ့ဝန်ထမ်းအသိအမှတ်ပြုအစီအစဉ်လုပ်တော့ စွမ်းဆောင်ရည်ထူးချွန်သူတွေကို ကုမ္ပဏီက ဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။ ကျွန်မက စေတနာ့ဝန်ထမ်းအသိအမှတ်ပြုဂုဏ်ပြုဆုအတွက်ရတဲ့ငွေကို ဘုရားမှာရော လူကြီးတွေအတွက်ပါ ကုသိုလ်လုပ်ပေးခဲ့ပြီး ထူးချွန်ဆုရတဲ့ငွေကိုတော့ အမှတ်တရဖြစ်အောင် နားတောင်းလေးလုပ်ပြီး ဝတ်ထားပါတယ်” ဟု ဆိုသည်။

မယ့်ဘေ့ကုန်းကျေးရွာ စေတနာ့ဝန်ထမ်း ဒေါ်သိဂီဝမ်းက စေတနာ့ဝန်ထမ်းအလုပ်အတွက် သူမ၏ ခံယူချက်ကို “ဒီအလုပ်က ကိုယ့်ရပ်ကိုယ့်ရွာနဲ့ ရွာသူရွာသားတွေအကျိုးအတွက်လုပ်ရတာမို့ ကုသိုလ်ရတဲ့အလုပ်လို့ အောက်မေ့ပြီး လုပ်စေ့ချင်တယ်။ ကျွန်မကတော့ MPRL E&P ရဲ့ CSR လုပ်ငန်းတွေ ဒီမန်းရေနံမြေမှာ လုပ်ကိုင်နေသရွေ့ ကျေးရွာစေတနာ့ဝန်ထမ်းအနေနဲ့ ဆက်လုပ်နေမှာပါ” ဟု ဆိုသည်။





ဦးဝင်းကို
စိုက်ပျိုးရေးတာဝန်ခံ
မန်းကျိုးကျေးရွာ

မိသားစုပိုင် ယာနှင့်ကိုင်းမြေ (၈) ဧကခန့်တွင် နေကြာ၊ မတ်ပဲနှင့် ကုလားပဲသီးနှံများစိုက်ပျိုးလျက်ရှိသည့် မန်းကျိုးကျေးရွာနေ တောင်သူဦးဝင်းကိုသည် ၂၀၁၄ ခုနှစ် ကတည်းက MPRL E&P CSR လုပ်ငန်းအဖွဲ့နှင့် ကျေးရွာစေတနာ့ဝန်ထမ်းတစ်ဦးအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစတင်၍ MPRL E&P (CSR အစီအစဉ်)တွင် ဒေသတွင်းစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် ညှိနှိုင်းပေါင်းစပ်ရသည့် စိုက်ပျိုးရေးတာဝန်ခံအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ရပ်ရွာအကျိုးဖြစ်ထွန်းရေးအတွက် ပရဟိတလုပ်ငန်းများကို စိတ်အားထက်သန်စွာ ရေရှည်ဆောင်ရွက်ခဲ့သည့် အသက် (၅၃) နှစ်အရွယ် တောင်သူလူလွတ်တစ်ဦးလည်းဖြစ်သည်။ ညီအစ်ကိုနှစ်ဦးသာရှိပြီး မိသားစုနည်းပါးသည့်အလျောက် ရပ်ရွာအရေးကိစ္စများတွင် အစိုးရအဖွဲ့အစည်း၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည့် ဦးဝင်းကိုက ၎င်း၏ စေတနာ့ဝန်ထမ်းလုပ်ငန်းအပေါ်ခံယူချက်ကို ဤသို့ဆိုသည်။

“ကျွန်တော်တို့လို တောင်သူတွေက တစ်နှစ်ဆိုရင် (၆) လလုပ် (၆) လနားပြီး ယာနဲ့ကိုင်းတွေမှာ စိုက်ကြပျိုးကြတယ်။ အဲလိုနားချိန်တွေဆို ကျွန်တော်က ကိုယ့်ရွာရဲ့ သာရေးနာရေးကိစ္စတွေမှာ အကုန်ဝင်လုပ်ခဲ့တယ်။ အဓိကက ကိုယ့်ရွာဖွံ့ဖြိုးဖို့ဆိုရင် ဘာမဆို ပူးပေါင်းလုပ်ကိုင်တဲ့ သဘောပါပဲ။ နဂိုကတည်းက ပရဟိတအလုပ်ကို ဝါသနာလည်းပါတော့ ၂၀၁၄ ကတည်းက စေတနာ့ဝန်ထမ်းအနေနဲ့ MPRL E&P နဲ့ ကျွန်တော်လက်တွဲလုပ်ခဲ့တယ်။ CSR လုပ်ငန်းတွေဆိုတာ ရပ်ရွာဖွံ့ဖြိုးဖို့ဆိုတော့ လိုအပ်ရင်လိုအပ်သလို ကူညီဝင်လုပ်ခဲ့တာပဲ။ အခုနောက်ပိုင်း ကျွန်တော်က စိုက်ပျိုးရေးတာဝန်ခံအနေနဲ့ပါ လုပ်ရတော့ ဝန်ထမ်းတစ်ပိုင်းဆိုပါတော့။ အခုဆို ကုမ္ပဏီကချီးမြှင့်တဲ့ ဂုဏ်ပြုချီးမြှင့်ငွေ (Incentive) လည်းရတော့ ပိုလို့တောင် သေချာလုပ်ဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းစလုပ်ခဲ့တဲ့ အချိန်ကတည်းက ကုမ္ပဏီရဲ့ CSR လုပ်ငန်းတွေမှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့တော့ CSR လုပ်ငန်းတွေ တောက်လျှောက်တိုးတက်လုပ်ကိုင်လာတာတွေကို ကျွန်တော် တော်တော်လေးသဘောကျပါတယ်။ ဆေးခန်းကိစ္စ၊ ရွာက ကလေး၊ လူကြီးအကုန် မျက်စိစမ်းသပ်ပေးတာတွေအတွက် ဝမ်းလည်းဝမ်းသာတယ်။ ကျွန်တော်ဆို မျက်စိကောင်းသေးတယ်။ မျက်စိသိပ်မကောင်းတဲ့ရွာကလူကြီးတွေအတွက် ဒီလို CSR အစီအစဉ်နဲ့ စစ်ဆေးကုသပေးတာတွေ ကျွန်တော်တကယ်အားရပါတယ်။”

MPRL E&P (CSR အစီအစဉ်) ဖြင့် မျက်စိကျန်းမာရေးစောင့်ရှောက်မှု၏ ရေ့ပြေးအစီအစဉ်အနေဖြင့် မန်းရေနံမြေရှိ အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူ (၁,၈၄၇) ဦးကို အထွေထွေမျက်စိစမ်းသပ်စစ်ဆေးခြင်းမှစ၍ ဆေးဝါး၊ မျက်မှန်နှင့် ခွဲစိတ်ကုသမှုများအထိ အသေးစိတ်ပံ့ပိုးမှုများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ခဲ့သည်။ အလားတူ မန်းရေနံမြေဒေသခံများအနက် အသက် (၆၀) နှစ်နှင့် အထက်ရှိ သက်ကြီးဝါကြီး (၂၁၀) ဦး အတွက် အထွေထွေမျက်စိစမ်းသပ်စစ်ဆေးခြင်းနှင့် အသေးစိတ် စမ်းသပ်စစ်ဆေးရန် လိုအပ်သူများကို မင်းဘူးမြို့ရှိ မျက်စိအထူးကုသမားတော်ကြီး၏ ကုသမှုဆိုင်ရာ အကြံပြုချက်များဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သည်။

မန်းကျိုးကျေးရွာ စေတနာ့ဝန်ထမ်းအဖြစ်မှ မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာအတွင်း စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများတွင် ညှိနှိုင်းဆောင်ရွက်ပေးရသည့် စိုက်ပျိုးရေးတာဝန်ခံဖြစ်သူ ဦးဝင်းကိုသည် MPRL E&P ၏ CSR လုပ်ငန်းဆောင်ရွက်မှုများတွင် ဆယ်စုနှစ်တစ်စုနီးပါး လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။။ “ကျွန်တော်က စေတနာ့ဝန်ထမ်းအလုပ်ကို လုပ်လာတာလည်းကြာတော့ အများနဲ့ အဖွဲ့အစည်းနဲ့ ထိတွေ့ဆက်ဆံတဲ့အပိုင်းတွေမှာပါ အတွေ့အကြုံကောင်းတွေရှိပါတယ်။ ကိုယ့်ရွာကနေ လူငယ်တွေလည်း လုပ်ချင်အောင် စည်းရုံးပြောဆိုလမ်းပြပေးပါတယ်။ မတပ်သာလို့ အဝေးထွက်အလုပ်လုပ်ကြတာကလွဲလို့ ကိုယ့်ရပ်ကိုယ့်ရွာမှာနေထိုင်ရင်း ဒီလိုစေတနာ့ဝန်ထမ်းအလုပ်ကို လုပ်ကြဖို့ တိုက်တွန်းတယ်။ လုပ်နိုင်အောင်လည်း ကျွန်တော့်အတွေ့အကြုံတွေ ရှင်းပြတယ်” ဟု ဦးဝင်းကိုက ဆိုသည်။

MPRL E&P ၏ မန်းရေနံမြေတွင် CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့သည့် ဆယ်နှစ်တာကာလအတွင်း ဒေသခံစေတနာ့ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍကို အလေးထားအားပြုထားဆဲဖြစ်သည်။ ထို့အတူ မန်းရေနံမြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဒေသခံများ ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးထားပြီး ဒေသအကျိုး ရေရှည်ဆောင်ရွက်နိုင်မည့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးကောင်းများလည်း ပံ့ပိုးလျက်ရှိသည်။

ရပ်ရွာအရေး စိတ်အားထက်သန်သူ ဦးဝင်းကိုက မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာအနက် မင်းဘူးမြို့နယ်စည်ပင်သာယာနယ်နမိတ်၏ ကင်းလွတ်ကျေးရွာ (၁၃) ရွာတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိသည့် အမှိုက်သိမ်းစနစ်နှင့်ပတ်သက်၍ ၎င်း၏သဘောထားကို ရှင်းပြသည်။ “အခုဆိုရင် ကျွန်တော့်တို့ရွာတွေမှာ အမှိုက်သိမ်းဝန်ဆောင်မှုလုပ်နေတာတွေရှိတော့ သန့်ရှင်းရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ သိသိသာသာ တိုးတက်လာပါတယ်။ ကျွန်တော်တို့ ရွာတွေအားလုံး ညီညီညွတ်ညွတ်နဲ့ ကိုယ့်ရပ်ရွာအရေးကို အလေးပေးပြီးလုပ်နိုင်အောင်လည်း ကျွန်တော်တိုက်တွန်းပါတယ်။ ကျွန်တော့်ရွာနဲ့ကျွန်တော့်တို့ ပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်ဖို့၊ သန့်ရှင်းသာယာဖို့ကို ကြိုးစားလုပ်နေရတာကိုက အဓိပ္ပာယ်လည်းရှိပါတယ်။ ကျွန်တော့်ဆန္ဒကတော့ ဘယ်လိုအထောက်အပံ့တွေမှ မရရင်တောင် ကျွန်တော်ကတော့ ကြိုးစားလုပ်နေအုံးမှာပါ။” ဟု ဦးဝင်းကိုက မှတ်ချက်ပြုသည်။

ဇာတိချစ်စိတ်ကဲ့သို့သော အပြစ်ကင်းသည့် ချစ်ခြင်းမေတ္တာသာလျှင် ဂုဏ်ကျက်သရေနှင့်ပြည့်စုံသည့် ချစ်မေတ္တာဖြစ်သည်။ ဒေသအကျိုး၊ ရပ်ရွာအကျိုးနှင့် မိမိနေထိုင်ရာပတ်ဝန်းကျင်ကောင်းကျိုးအတွက် ဇာတိချစ်စိတ်ကိုအခြေခံသည့် စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်းသည် အပြစ်အကင်းစင်ဆုံးနှင့် ဂုဏ်ကျက်သရေအရှိဆုံး ချစ်ခြင်းမေတ္တာပြယုဂ်တစ်ခုဟု သတ်မှတ်မည်ဆိုပါက လွန်အံ့မထင်ပါ။ ■

# ခိုင်မာသည့်အသိုက်အဝန်း တည်ထောင်ခြင်းဖြင့် မန်းရေနံမြေဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုဆီသို့



**"အသိုက်အဝန်း" ဟူသည် မိသားစုတစ်စု၊ ကျေးရွာတစ်ရွာ၊ ရပ်ကွက်တစ်ခု၊ မြို့တစ်မြို့အဆင့်မှ ထိုထက်ပို၍ ကျယ်ပြန့်သည့် လူမှုအသိုက်အဝန်းတစ်လုံးကို ကိုယ်စားပြုလျက်ရှိသည်။ မိမိတို့ မိသားစုအတွင်း၌ပင် မိဘ၊ ဘိုးဘွား၊ သား၊ သမီး၊ မြေး၊ မြစ် စသဖြင့် အရွယ်အမျိုးမျိုးပါဝင်နေပြီး ခိုင်မာသောအသိုက်အဝန်း တည်ထောင်ခြင်းဟုဆိုရာတွင် မိသားစုတစ်ခုစည်းလုံးခိုင်မာစေရန် တည်ဆောက်ခြင်းမှ စတင်မှတ်ယူနိုင်ပါသည်။**

MPRL E&P ကုမ္ပဏီအနေဖြင့်သတ်မှတ်ထားသည့် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာတွင် အသက်အရွယ်စုံ ဒေသခံ (၁၀,၀၀၀) ကျော် မှီတင်းနေထိုင်လျက်ရှိသည်။ မန်းရေနံမြေ ထိစပ်ကျေးရွာများရှိ အိမ်ထောင်စုတစ်ခုမှစ၍ ကျေးရွာတစ်ရွာချင်းစီတို့သည် လူမှုအသိုက်အဝန်းတစ်ခုစီပင်ဖြစ်ပြီး ကျေးရွာ (၁၄) ရွာလုံးကို ခြုံငုံကြည့်ပါက ကြီးမားသည့် လူမှုအသိုက်အဝန်းကြီးတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။

ယင်းသို့ အသိုက်အဝန်းကြီးတစ်ခုလုံးကို ခိုင်မာသည့်အသိုက်အဝန်းတစ်ခုအဖြစ်တည်ထောင်ရာတွင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်စကားပြောဆိုခြင်း၊ စည်းရုံးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးပါသည့် အခြေခံအချက်များပင်ဖြစ်သည်။ မခေါ်၊ မပြော၊ မဆက်ဆံခြင်းကြောင့် လူတစ်ဦးနှင့်တစ်ဦးကို ပိုမိုဝေးကွာသွားစေပြီး ရပ်ရေးရွာရေး၊ သာရေး၊ နာရေးနှင့် လူမှုရေးလုပ်ငန်းများတွင်ပါ ကင်းကွာစေကာ သီးခြားနေထိုင်သူအဖြစ် ရောက်ရှိသွားစေနိုင်သည်။ သို့ဖြစ်၍ ဆက်သွယ်ပြောဆိုခြင်း၊ လှုံ့ဆော်စည်းရုံးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အခြေခံ၍သာ ခိုင်မာသည့်အသိုက်အဝန်းတစ်ခုအဖြစ် ဦးတည်တည်ဆောက်နိုင်ခြင်းဖြစ်သည်။

## ပြောဆို၊ စည်းရုံး၊ ပူးပေါင်းဆောင်ရွက်

လူတို့သည် ပေါင်းသင်းဆက်ဆံရေးကို အလေးထားကြပြီး မိမိချစ်ခင်သူ၊ နှစ်သက်သည့်နေရာ၊ စိတ်ပါဝင်စားသည့်အရာတို့နှင့် စိတ်ပိုင်းဆိုင်ရာဆက်သွယ်မှုရှိခြင်းကို လိုလားကြသည်။ မိသားစုတစ်ခုမှသည် လူမှုအသိုက်အဝန်းတစ်ခုလုံး ခိုင်မာအောင်တည်ဆောက်ရာတွင်လည်း အချင်းချင်းရိုးသားစွာ စကားပြောဆိုခြင်းမှ စတင်ရသည်ချည်း ဖြစ်သည်။ မြန်မာစကားတွင် "ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ"၊ "စိုသောလက် မခြောက်စေနှင့်" စသဖြင့် ခင်မင်ရင်းနှီးစိတ်ကို အစွန့်ရှည်အောင်မွေးမြူခြင်းဖြင့် အချင်းချင်းဆက်သွယ်ပြောဆိုခြင်း၏ အရေးပါပုံကိုဖော်ညွှန်းလေ့ရှိသည်။ ထို့အပြင် အချင်းချင်းပြောဆိုရသည့် ကိစ္စရပ်များတွင်လည်း "အပြောပြေ၊ အစားချွေ" ဟူ၍ လူကြီးသူမများက သင်ပြတတ်ကြသည်။ ပြေပြစ်စွာစကားပြောဆိုတတ်ခြင်း၊ ချွေတာသုံးစွဲတတ်ခြင်းတို့သည် တစ်ဦးချင်း အကျိုးစီးပွားအတွက် သာမက အများသူငှာအတွက်ပါ အကျိုးများသည့် အလေ့အကျင့်ကောင်းလည်းဖြစ်သည်။

လူမှုအခက်အခဲများ တွေ့ကြုံကြရသည့်အချိန်တွင် အကြောင်းအရာ၊ အခြေအနေနှင့် ခံစားချက်၊ ခံယူချက်နှင့်အတွေ့အကြုံတို့ကို ဆက်သွယ်ပြောဆိုခြင်းကိုအခြေခံ၍ ရင်းနှီးမှုတည်ဆောက်ခြင်းဖြင့်သာ လူမှုအသိုင်းအဝိုင်းထံမှ အကူအညီများ ရရှိနိုင်ပြီး တစ်ဦးချင်းနှင့်အသိုင်းအဝိုင်းတစ်ခုလုံး၏ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အနီးစပ်ဆုံးကာလတွင် ထင်ရှားသည့်သာဓကအဖြစ် ကိုဗစ်-၁၉ ကပ်ရောဂါကြုံတွေ့ရချိန်တွင် မန်းရေနံမြေဒေသတွင်း ကျန်းမာရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်နှင့် လိုက်နာဖွယ်၊ စည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာကျန်းမာရေးဌာနများနှင့်အတူ MPRL E&P က ရပ်ရွာအတွင်း လိုက်လံနှိုးဆော်စည်းရုံး အသိပေးနိုင်ခဲ့သည်။ ကိုဗစ်-၁၉ ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသေးသည့် လူမှုအသိုက်အဝန်းအတွင် ရောဂါစတင်ဖြစ်ပွားပုံ၊ ကူးစက်နိုင်ခြေ၊ ကူးစက်သည့်အခါ ကြုံတွေ့ရနိုင်သည့် ကျန်းမာရေးပြဿနာများနှင့် လူမှုအသိုက်အဝန်းအတွင်း ကပ်ရောဂါအသွင်ကူးပြောင်းသွားနိုင်ပုံတို့ကို အချင်းချင်းအသိပေးနှိုးဆော်ကာ ပြောဆိုစည်းရုံးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ ရပ်ကွက်၊ ကျေးရွာ၊ ဒေသတစ်ခုနှင့်တစ်ခု ကောင်းမွန်စွာဆက်သွယ်ပြောဆိုခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံအတွင်းဖြစ်ပွားရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် မန်းရေနံမြေဒေသခံများအတွက် ရောဂါဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီရရှိအောင် MPRL E&P က သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဦးစွာချိတ်ဆက်ပံ့ပိုးနိုင်ခဲ့သည်။ တစ်ဆက်တည်း



တွင် ရောဂါကာကွယ်ရေးအတွက် တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ၊ ရောဂါရှာဖွေစမ်းသပ်ရေးကိရိယာများစသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ဒေသတွင်းရှိ ကျေးရွာများအတွက် ကြိုတင်ခွဲဝေပံ့ပိုးထားနိုင်ခဲ့သည်။ ထို့အပြင် MPRL E&P ရုံးချုပ်တည်ရှိရာနှင့် မန်းရေနံမြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် မိသားစုများအတွက်ပါ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကိုပံ့ပိုးခဲ့သည်။

ကုမ္ပဏီအနေဖြင့် ကပ်ရောဂါဖြစ်ပွားသည့် ကာလများတွင် မန်းရေနံမြေဒေသခံများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ရပ်ရွာနှင့် အများပြည်သူအတွက်လိုအပ်သည့် ဆေးဝါး၊ အောက်ဆီဂျင်၊ အစားအစာပံ့ပိုးမှုကဏ္ဍများတွင် အချင်းချင်း စောင့်ရှောက်ကူညီမှုသည် သိသာထင်ရှားသည့်အင်အားတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ အလားတူ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားကာလအတွင်းတွင် လူစုလူဝေးကြောင့် ရောဂါကူးစက်နိုင်ခြေမြင့်မားနိုင်သဖြင့် ယာယီဆိုင်းငံ့ထားခဲ့သည့်ရွေ့လျားဆေးပေးခန်းများကို ပြင်ပဆရာဝန်အကူအညီဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လျက်ရှိသည့် မန်းရေနံမြေဒေသခံများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ထိရောက်စွာ ပံ့ပိုးနိုင်ခဲ့သည်။

စည်းရုံးမှုအားကောင်းသည့် လူမှုအသိုက်အဝန်းများသည် အများပြည်သူဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပိုမိုကောင်းမွန်သည့်ရလဒ်များရရှိခဲ့ပြီး ကန့်သတ်ချက်များပြားသည့်ကာလအတွင်းတွင်ပင် အထောက်အပံ့ကောင်းများရရှိအောင် ဆက်လက်ပံ့ပိုးနိုင်ခဲ့ကြခြင်းလည်းဖြစ်သည်။ ထို့အပြင် လူသားမျိုးနွယ်တစ်ခုလုံးအတွက် မျှော်မှန်းမထားသည့် ကျန်းမာရေးစိန်ခေါ်မှုကြီးကို မန်းရေနံမြေဒေသခံများသာမက ကမ္ဘာ့အရပ်ရပ်ရှိလူမှုအသိုက်အဝန်းများအတွင်း အချင်းချင်းပြောဆိုစည်းရုံး၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ကြံ့ကြံ့ခံကျော်ဖြတ်နိုင်ခဲ့ကြခြင်းဖြစ်သည်။

လူမှုအသိုက်အဝန်းတစ်ခု စည်းလုံးခိုင်မာစေရန် ရပ်ရေးရွာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ဦးချင်းစီ၏ အရည်အသွေးဖြစ်သည့် တက်ကြွမှုရှိခြင်း၊ ကြံ့ရည်ဖန်ရည်ရှိခြင်း၊ ကျိုးကြောင်းဆင်ခြင်လက်ခံခြင်းနှင့်မျှတစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို ထည့်သွင်းစဉ်းစားရသည်။ မိမိတို့ရပ်ရွာဖွံ့ဖြိုးရေးတွင် ဘုံရည်ရွယ်ချက်တစ်ခုချင်းအလိုက် အားထုတ်ကြိုးပမ်းပါဝင် ဆောင်ရွက်ကြရာတွင် ဦးစီးဦးဆောင်ပြုကြသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်ရပ်ရွာ စေတနာ့ဝန်ထမ်းများတွင် အဆိုပါအရည်အသွေးများရှိရန် အထူးအရေးပါလှပါသည်။

မန်းရေနံမြေဒေသခံများ၏ တက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှုများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သာမက ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်ပါ ထင်ရှားစွာတွေ့မြင်နိုင်သည်။ ကျန်းမာရေးလုပ်သားအင်အားနှင့် အခြားအခက်အခဲများရှိသည့်ကာလအတွင်း ရွေ့လျားဆေးပေးခန်းနှင့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရပ်ရွာလူထုအတွက် အမှန်တကယ်လိုအပ်ချက်ကို အချိန်ကိုက်ဖြည့်ဆည်းပံ့ပိုးနိုင်ရန် ကုမ္ပဏီအနေဖြင့် မန်းရေနံမြေ ဒေသခံများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်သာ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည်ပင် မိမိတို့ကျေးရွာအတွက်သာမက မန်းရေနံမြေဒေသတစ်ခုလုံး၏ စည်းလုံးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ရာလည်းရောက်စေသည်။

မန်းရေနံမြေ ဒေသခံများအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဒေသတစ်ခုလုံးဖွံ့ဖြိုးရေးကိုဦးတည်သည့် အသိုက်အကောင်းတစ်ခုဖြစ်စေရန် MPRL E&P က ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသခံများကို အရည်အသွေးမြှင့်တင်ခြင်း၊ စေတနာ့ဝန်ထမ်းများကို ကြီးကြပ်လမ်းညွှန်မှုပေးခြင်း (Mentoring Session)၊ ကျေးရွာအဆင့် ရေးဦးသူနာပြုအဖွဲ့ဝင်များကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်ချိတ်ဆက်၍ လူမှုကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန်ပံ့ပိုးခြင်း၊ ဒေသခံလူငယ်များကို ပညာရေးဆိုင်ရာအထောက်အပံ့များပေးခြင်းစသည့် လုပ်ငန်းများကို ရှေးရှုဆောင်ရွက်ခဲ့သည်။



ထို့အပြင် ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံများကိုယ်တိုင်ပိုင်ဆိုင်သည့် ပစ္စည်းကဲ့သို့ ရေရှည်ထိန်းသိမ်းလိုစိတ် (Sense of Ownership) ကို မြှင့်တင်သည့်အနေဖြင့် ကျေးရွာနှင့် ကျောင်းအခြေခံအဆောက်အဦတည်ဆောက်ပြုပြင်မွမ်းမံမှုများတွင် ကုမ္ပဏီက မတည်ပံ့ပိုးသူအဖြစ် ဆောင်ရွက်ပြီး ဒေသခံများက ပူးပေါင်းပါဝင်ပံ့ပိုးသူအဖြစ် ပါဝင်နိုင်စေရန် အစီအစဉ်ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။





အလားတူ ဒေသဆိုင်ရာဆုံးဖြတ်ချက်များတွင် ဒေသခံများကိုယ်တိုင်ကိုယ်ကျပါဝင်စေနိုင်ရန် အားထုတ်မှုအဖြစ် နှစ်အလိုက်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်ဖော်ထုတ်ရာတွင် ဒေသခံများ၏ လိုလားချက်နှင့် လိုအပ်ချက်များကို ဦးစွာမေးမြန်းဆန်းစစ်ဖော်ထုတ်ခြင်း (Needs Assessment) ဖြင့် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်နိုင်ခွင့်ကို နှစ်စဉ်ပုံမှန်ပံ့ပိုးခဲ့သည်။

သို့ဖြစ်၍လည်း MPRL E&P အနေဖြင့် မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လူမှု



ရေးအရ သဘောတူကြည်ဖြူမှုနှင့်အတူ ပူးပေါင်းပါဝင်မှုကို မြှင့်တင်နိုင်ခဲ့သည်။ ထို့အပြင် မန်းရေနံမြေ၏ ထိစပ်ကျေးရွာ (၁၄) ရွာလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ကုမ္ပဏီမှ သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့် လူမှုတာဝန်သိလုပ်ငန်းများကို တန်းတူညီမျှစွာဖြင့် ချိန်ဆဆုံးဖြတ်ခဲ့ပြီး ဖြန့်ကျက်ခြုံငုံမိစေရန် ဆောင်ရွက်ခဲ့သည်။

## စုစည်းညီညာ အဖြေရှာ

လေ့လာမှုများအရ စုပေါင်းဆောင်ရွက်လေ့ရှိသည့် လူမှုအသိုက်အဝန်းတစ်ခုသည် အပြုသဘောဆောင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး ရာဇဝတ်မှုဖြစ်ပွားနှုန်းကိုလည်း လျော့ကျစေသည်ဟုဆိုသည်။ အသိုက်အဝန်းတစ်ခုတွင် အများအတွက် လက်ခံနိုင်သည့်အကြောင်းအရာနှင့် လက်မခံနိုင်သည့် အကြောင်းအရာများကို ယင်းအသိုက်အဝန်းတွင်ပါဝင်သူများကသာ စုပေါင်းသတ်မှတ်ထားလေ့ရှိသည်။ သာဓကအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားကာလနှင့် နိုင်ငံရေးအပြောင်းအလဲကာလများအတွင်း လူမှုစီးပွားဘဝအခက်အခဲများကို ရင်ဆိုင်ရချိန်တွင် လူမှုရေးအရ ကျင့်ဝတ်ဖောက်ဖျက်မှုများ၊ (အများပိုင်နှင့် ကုမ္ပဏီပိုင်ပစ္စည်း ခိုးယူမှုကဲ့သို့) မသမာမှုများရှိခဲ့ပြီး အဆိုပါစိန်ခေါ်မှုများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ဒေသခံလူမှုအသိုက်အဝန်း၏ ပူးပေါင်းပါဝင်မှုနှင့် အပြုသဘောဆောင်သည့် ချဉ်းကပ်ဆောင်ရွက်မှုများဖြင့် ထိန်းသိမ်းဖြေရှင်းနိုင်ခဲ့သည်။ ဒေသခံများနှင့် လုပ်ငန်းလုပ်ကိုင်သည့်အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုဖြင့် လုံခြုံရေးဆိုင်ရာကန့်သတ်မှုများရှိသည့်ကာလအတွင်းတွင် ကျန်းမာရေးအသိပညာပေးအစီအစဉ်များနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism - OGM) တို့ကို MPRL E&P



အနေဖြင့် ရပ်ဆိုင်းခြင်း၊ ရွှေ့ဆိုင်းခြင်းမရှိခဲ့ဘဲ မပျက်မကွက် ပုံမှန်လည်ပတ်ဆောင်ရွက်ကာ အချိန်သတ်မှတ်ချက်များ အတွင်း ဖြေရှင်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဒေသတစ်ခုလုံးဖွံ့ဖြိုးရေးအတွက် မန်းရေနံမြေထိစပ်ကျေးရွာများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရှိလျက်သည့် အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများ ချောမွေ့စွာဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒေသခံများ၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်ရေးသဘောထားကို ခိုင်မာစွာ ပြသနိုင်ခဲ့သည်။ ယင်းအချက်သည်ပင် ခိုင်မာသောအသိုက်အဝန်းတစ်ခုဖြစ်ပေါ်စေရန် ဒေသခံများကိုယ်တိုင် ရေးရှုဆောင်ရွက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။







## ဒေသစီးပွား အလေးထား

အိမ်ထောင်စုတစ်ခုအောင်မြင်ရေးတွင် မိသားစုစီးပွားရေးသည် အဓိကအရေးပါသကဲ့သို့ လူမှုအသိုက်အဝန်းတစ်ခုကို ခိုင်မာအောင်တည်ဆောက်ရာတွင် ဒေသတွင်းလူမှုစီးပွားဘဝတိုးတက်ရေးကို ချန်လှပ်ထား၍မရနိုင်ပါ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုသည့် အခြေခံကောင်းများကို ဖန်တီးထောက်ပံ့ခြင်းဖြင့်သာ ခိုင်မာသည့် အသိုက်အဝန်းအဖြစ် ဦးတည်ဆောင်ရွက်ကြရခြင်း ဖြစ်သည်။

မိရိုးဖလာစိုက်ပျိုးတောင်သူများ၏ အခက်အခဲများကို အလေးထားသတိမူ၍ ဒေသတွင်းရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မန်းရေနံမြေဒေသခံတောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် သွင်းအားစုလိုအပ်ချက်များကို MPRL E&P (CSR အစီအစဉ်) ဖြင့် တစ်စိုက်မတ်မတ်ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။ မန်းဒေသတွင် ဥယျာဉ်ခြံစိုက်ပျိုးနည်းသစ်များနှင့် နည်းသစ်အသုံးပြုပါက လိုအပ်မည့်သွင်းအားစုများကို ပံ့ပိုးခြင်းဖြင့် မိရိုးဖလာစိုက်ပျိုးခဲ့သည့် ခရမ်းချဉ်သီးနှံနှင့် မှိုစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို ချဲ့ထွင်စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံများလည်းနှစ်အလိုက် တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ တစ်ဦးချင်း၏ ကုန်ထုတ်လုပ်မှုစွမ်းဆောင်ရည်ဖြည့်တင်းနိုင်မည့် သက်မွေးပညာသင်တန်းများကိုလည်း ပံ့ပိုးခဲ့ပြီး လူသုံးကုန်နှင့်စားသောက်ကုန်ထုတ်ကုန်သစ်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် ဒေသစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခဲ့သည်။

လူမှုအသိုက်အဝန်းအတွင်း စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းလာသည်နှင့်အမျှ ဘဝနေထိုင်မှုအရည်အသွေးပါမြင့်တက်လာပြီး ဒေသခံလူငယ်များအတွက် အလုပ်အကိုင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အခြေခံပညာအဆင့်မှ သက်မွေးသင်တန်းများနှင့် အဆင့်မြင့်ပညာရေးတို့ကို မန်းရေနံမြေဒေသခံလူငယ်များ လက်လှမ်းမီနိုင်ရန် ကုမ္ပဏီအစီအစဉ်ဖြင့် ကျေးရွာလူထုအခြေပြုဗဟိုဌာနများ၊ စာကြည့်တိုက်များတွင် အွန်လိုင်းအင်္ဂလိပ်စာသင်တန်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ စက်မှုသင်တန်းကျောင်း၊ စိုက်ပျိုးရေးသိပ္ပံတို့တွင် တက်ရောက်နိုင်ရေးအတွက် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် ပံ့ပိုးနိုင်ခဲ့သည်။ မန်းရေနံမြေဒေသခံ ထူးချွန်ကျောင်းသားများကိုလည်း ပညာသင်ဆုများပံ့ပိုးခြင်းဖြင့် ဆေးတက္ကသိုလ်ကဲ့သို့ အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရန် ပံ့ပိုးခဲ့သည်။



သက်မွေးပညာတတ်မြောက်ခြင်းကြောင့် အလုပ်အကိုင်ရရှိခြင်းသည် မိမိကိုယ်ကိုတန်ဖိုးထားမှုနှင့် ယုံကြည်မှုကို ပိုမိုတိုးတက်များပြားစေပြီး ယင်းအလုပ်အကိုင်များကို မိမိတို့ ဒေသတွင်းတွင်ပင် ဖန်တီးတည်ဆောက်နိုင်ခြင်းသည် ပိုမိုကောင်းမွန်သည့် စီးပွားမောင်းနှင်အားကို ရရှိစေခြင်းလည်း ဖြစ်သည်။

## ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့

ခိုင်မာသောလူမှုအသိုက်အဝန်းများတည်ဆောက်ရေး ခရီးစဉ်သည် စုပေါင်းအားဖြင့် ဆက်လက်ဆောင်ရွက်ရသည့် အားထုတ်မှုဖြစ်စဉ်တစ်ခုဖြစ်သည်။ မန်းရေနံမြေဒေသတစ်ခုလုံးကို ခိုင်မာသည့် လူမှုအသိုက်အဝန်းတစ်ခုအဖြစ် ရေးရှုဆောင်ရွက်ရာတွင် ဒေသခံတစ်ဦးချင်းစီ၏ ရင်းနှီးပွင့်လင်းသည့် ဆက်ဆံရေးနှင့် တက်ကြွစွာပါဝင်ဆောင်ရွက်မှုတို့သည် MPRL E&P ကဲ့သို့ ဒေသဖွံ့ဖြိုးရေးကို ဦးတည်လက်တွဲဆောင်ရွက်ကြသည့် အဖွဲ့အစည်းများအတွက် အရေးကြီးသည့် အင်အားတစ်ခုလည်းဖြစ်ပါသည်။ အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသည့် ယနေ့ကမ္ဘာတွင် အားကောင်းခိုင်မာသည့် လူမှုအသိုက်အဝန်းများဖြစ်ပေါ်လာရေးသည် ပန်းတိုင်တစ်ခုသက်သက်မဟုတ်ဘဲ လက်ရှိအချိန်နှင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို မမေ့မလျော့ မှတ်ယူဆောင်ရွက်ခြင်းဖြင့် မန်းရေနံမြေဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဆက်လက်ချီတက်လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်မိပါသည်။ ■



# မန်းရေနံမြေ CSR လုပ်ငန်းများအတွက် သက်ဆိုင်ရာဒေသခံများ၊ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

မန်းရေနံမြေရှိ ထိစပ်ကျေးရွာ (၁၄) ရွာတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိသော လူမှုတာဝန်သိ CSR လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း သတ်မှတ်အဆင့်အလိုက် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျေးရွာအလိုက် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း ရေလှောင်ကန်ဟောင်းများ ပြုပြင်မွမ်းမံခြင်း၊ မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ နေကြာမျိုးစေ့ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်တွင် ကြာကန်ကျေးရွာပြန်လည်ပါဝင်နိုင်ရေးအတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။







စေတနာ့ဝန်ထမ်းသစ်များကို လုပ်ငန်းဆိုင်ရာ ကြိုတင်ရှင်းလင်းဆွေးနွေးခြင်းနှင့် လိုအပ်သည်များ ပြင်ဆင်ပံ့ပိုးခြင်း



လာမည့်နွေဦးရာသီတွင် ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပနိုင်ရေးအတွက် ကျေးရွာ (၁၄) ရွာရှိ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးခြင်း

အလားတူ CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ အပတ်စဉ်နှင့် လစဉ်အစီရင်ခံစာများကို မန်းရေနံမြေ အထွေထွေမန်နေဂျာထံသို့ ပေးပို့အစီရင်ခံခြင်း၊ မန်းရေနံမြေတွင် လာမည့် နွေဦးရာသီတွင် ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပနိုင်ရေးအတွက် ကျေးရွာ (၁၄) ရွာရှိ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မန်းကျိုးနှင့် ပေါက်ကုန်းကျေးရွာတို့တွင် စေတနာ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည့် ဒေသခံ (၂) ဦးကို စေတနာ့ဝန်ထမ်းလုပ်ငန်းဆိုင်ရာ ကြိုတင်ရှင်းလင်းဆွေးနွေးခြင်းနှင့် လိုအပ်သည်များ ပြင်ဆင်ပံ့ပိုးခြင်း၊ ကျေးရွာစာကြည့်တိုက် အဆင့်မြှင့်တင်ရေးလုပ်ငန်းများအတွက် ရပ်ရွာတာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း၊ မျက်စိခွဲစိတ်ကုသမှုများ စတင်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ခွဲစိတ်ကုသမည့် ဘိုးဘွားများ၏ မိသားစုဝင်များထံမှ သဘောတူညီမှုရယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။





မန်းကျိုးကျေးရွာစာကြည့်တိုက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံဆွေးနွေးခြင်း

ထို့အပြင် မန်းရေနံမြေထိစပ်ကျေးရွာများတွင် ၂၀၂၂-၂၀၂၃ ပညာရေးနှစ်တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခဲ့သည့် ကျောင်းသားစာရင်းကောက်ယူခြင်း၊ အောင်ချက်တွက်ချက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဖြေဆိုသူကျောင်းသား (၄၈) ဦးအနက် (၃၁) ဦးအောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်း (၆၄) % ရှိကြောင်းသိရသည်။ ■









မျက်စိခွဲစိတ်ကုသမှုများ စတင်နိုင်ရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ခွဲစိတ်ကုသမှုခံယူမည့် ဒေသခံများ၏ မိသားစုဝင်များနှင့်တွေ့ဆုံ၍ သဘောတူညီမှုရယူခြင်း

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်

## “ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး” စကားရည်လုပြိုင်ပွဲ ကျင်းပ




၂၀၂၃ ခုနှစ် “ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့” အထိမ်းအမှတ်အဖြစ် “ပလတ်စတစ်ညစ်ညမ်းမှုကို အတူတိုက်ဖျက်ကြပါစို့” ဟူသည့် ယခုနှစ်အတွက် သတ်မှတ်ဆောင်ပုဒ်နှင့်အညီ မန်းရေနံမြေတွင် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်စေရန် အသိပညာပေးလှုပ်ရှားမှုများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ခဲ့သည်။ အဆိုပါလှုပ်ရှားမှုအရ **“ကျေးရွာအဆင့်တွင် ပလတ်စတစ်ပစ္စည်းသုံးစွဲခြင်းကို လုံးဝပပျောက်အောင် လုပ်ဆောင်နိုင်သည် (သို့မဟုတ်) မလုပ်ဆောင်နိုင်ပါ”** ဟူသော ခေါင်းစဉ်ဖြင့် စကားရည်လုပြိုင်ပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့ နံနက်တွင် ကြာကန်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၌ MPRL E&P (CSR အစီအစဉ်) ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

မိမိတို့နေထိုင်ရာကမ္ဘာကြီးကို ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်မှကာကွယ်နိုင်ရန် အသိပညာပေးလိုခြင်း၊ စကားရည်လုပွဲမှတစ်ဆင့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်များကိုသိရှိပြီး ကျေးရွာအဆင့်တွင်ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်စေရန်နှင့် အဆိုပါလုပ်ငန်းစဉ်များတွင် ကျောင်းသားလူငယ်များပါ အဓိကအခန်းကဏ္ဍမှ ပါဝင်စေလိုခြင်းကြောင့် စကားရည်လုပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း MPRL E&P ၏ CSR ကွင်းဆင်းညှိနှိုင်းရေးမှူး ဒေါ်လဲ့လဲ့ခိုင်က ပြိုင်ပွဲမစတင်မီ ပြိုင်ပွဲစည်းကမ်းများနှင့်အတူ ရှင်းပြသည်။



ကြာကန်ကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဝေက “စကားရည်လုပွဲ အခမ်းအနားအတွေ့အကြုံက ကျွန်မတို့ကလေးတွေမှာ မရှိဖူးသေးတော့ စကားအမှားပါရင် ခွင့်လွှတ်ပြီး ကလေးတွေရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုပေးစေလိုပါတယ်။ ဒီလိုပြိုင်ပွဲတွေအတွက် ကလေးတွေက လေ့လာပြင်ဆင်ရင်းနဲ့ ပလတ်စတစ်ရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေကို ပိုသိလာပြီး ကိုယ့်ပတ်ဝန်းကျင်မှာလည်း ပိုပြီးသာယာလှပအောင် ကြိုးပမ်းရမယ်ဆိုတဲ့အသိလေးတွေရခဲ့မယ်လို့ ယုံကြည်ပါတယ်။ ကလေးတွေရော ရပ်ရွာအတွက်ပါ အကျိုးရှိတဲ့အစီအစဉ်မို့ MPRL E&P (CSR အစီအစဉ်)ကို ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

စကားရည်လုပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၁၂) ဦးကို တစ်ဖွဲ့လျှင် (၆) ဦးစီပါဝင်သည့် အဖွဲ့ (၂) ဖွဲ့ ခွဲ၍ ယှဉ်ပြိုင်ရမည့်အကြောင်းအရာကို မဲနှိုက်ရွေးချယ်ခဲ့ရာ အဖွဲ့(၁) က “ကျေးရွာအဆင့်တွင် ပလတ်စတစ်ပစ္စည်းသုံးစွဲခြင်းကို လုံးဝပပျောက်အောင်လုပ်ဆောင်နိုင်သည်”ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့(၂) က “ကျေးရွာအဆင့်တွင် ပလတ်စတစ်ပစ္စည်းသုံးစွဲခြင်းကို လုံးဝပပျောက်အောင် မလုပ်ဆောင်နိုင်ပါ” ဟူသည့်ရှုထောင့်မှလည်းကောင်း စကားရည်လုကြသည်။ အဆိုပါအခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျေးရွာတာဝန်ရှိသူများ အပါအဝင် စုစုပေါင်း (၁၇၃) ဦး တက်ရောက်အားပေးခဲ့သည်။

ကြာကန်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ကျောင်းအုပ်ဆရာမကြီးတို့ ပါဝင်သည့် ဒိုင်လူကြီး (၅) ဦး၏ ဆုံးဖြတ်ချက်အရ “ကျေးရွာအဆင့်တွင် ပလတ်စတစ်ပစ္စည်းသုံးစွဲခြင်းကို လုံးဝပပျောက်အောင် လုပ်ဆောင်နိုင်သည်” ဟူသော ရှုထောင့်မှ ယှဉ်ပြိုင်ခဲ့သော အဖွဲ့ (၁) က ရမှတ်ပေါင်း (၁,၄၉၆) မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ စကားရည်လုပြိုင်ပွဲတွင် ပါဝင်ခဲ့သည့် ကျောင်းသူများက ပြိုင်ပွဲအတွေ့အကြုံနှင့် အကျိုးကျေးဇူးများကို ပြန်လည်မျှဝေခဲ့သည်။






မနွေးချယ်ရီခိုင်

“ပလတ်စတစ်ရဲ့ ဆိုးကျိုးတွေကို ကျောင်းနေဖက်သူငယ်ချင်းတွေလည်းသိအောင် ပြောပြပေးချင်လို့ စကားရည်လုပြိုင်ပွဲကိုပါဝင်ခဲ့တာပါ။ ပြိုင်ပွဲအတွက် လိုအပ်တာတွေကို သူငယ်ချင်းတွေနဲ့အတူတူ လေ့လာခဲ့သလို ဆရာမတွေနဲ့ မိဘတွေဆီကလည်း အကြံဉာဏ်တွေ တောင်းခဲ့ပါတယ်။ ဒီစကားရည်လုပွဲက သမီးပထမဆုံးပြိုင်ဖူးတဲ့ပြိုင်ပွဲပါ။ ပြိုင်နေတဲ့အချိန်တုန်းက စိတ်လှုပ်ရှားခဲ့ပေမယ့် ပြိုင်ပြီးတော့ ပလတ်စတစ်ရဲ့ ဆိုးကျိုးတွေကို ပိုပြီး နားလည်လာတာမို့ သမီးကိုယ်တိုင်လည်း ပလတ်စတစ်တွေကို ရှောင်နိုင်အောင်ကြိုးစားသွားပါမယ်။ ပြိုင်ပွဲစီစဉ်ပေးတဲ့ MPRL E&P ရဲ့ CSR အစီအစဉ်နဲ့ သမီးတို့စာသင်ကျောင်းကိုလည်း ကျေးဇူးတင်ပါတယ်။”

စာမျက်နှာ - ၁၇ ➤

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း အကြံပြုစာ (၅) စောင် လက်ခံရရှိရာ အလေးထားဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်

ဒေသခံတစ်ဦးချင်းနှင့် ဒေသခံလူထုအတွက် နစ်နာမှုများကို ဖြေလျှော့ကုစားသည့် လုပ်ငန်းစဉ်ဖြစ်သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism) အရ မန်းရေနံမြေတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း မန်းရေနံမြေနှင့် ထိစပ်ကျေးရွာဖြစ်သည့် ကြာကန်ကျေးရွာရှိ ဒေသခံများထံမှ ကုမ္ပဏီ၏လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက် (သို့မဟုတ်) သက်ရောက်မှု၊ တစ်စုံတစ်ရာရှိကြောင်း ပေးပို့လာသော အကြံပြုစာလွှာ စုစုပေါင်း (၅) စောင် လက်ခံရှိခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ပေးပို့လာသော အကြံပြုစာအရေအတွက် စုစုပေါင်း (၁၇၃) စောင်ရှိပြီဖြစ်သည်။



*၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ လက်ခံရရှိသော အကြံပြုစာအမျိုးအစားနှင့် အရေအတွက်*

| | | | |
|---|---|---|---|
| ၁၇၃ | အကြံပြုဆွေးနွေးတင်ပြမှု | ဆွေးနွေးတင်ပြချက်အပေါ် ဖြေရှင်းဆောင်ရွက်မှု | ၁၇၃ |
| ၁၀၀ | လုပ်ငန်းစဉ်အပေါ် ကျေနပ်မှုရာခိုင်နှုန်း (သတ်မှတ်ချက် - ၅၀ ရာခိုင်နှုန်း) | အကြောင်းပြန်ကြားရန် (ရက်) သတ်မှတ်ချက် ၁၄ ရက်အတွင်း | ၇ |
| ၉ | ဖြေရှင်းဆောင်ရွက်ပြီးစီးရမည့်ကာလ (ရက်) သတ်မှတ်ချက် (ရက်ပေါင်း ၃၀ အတွင်း) | | |
| ၁ | ဖြေရှင်းဆောင်ရွက်ရန် အသိပေးကာလ (ရက်) သတ်မှတ်ချက် (ပျမ်းမျှ ၁ ရက်မှ ၃ ရက်) | | |
| ၉၈ | ရလဒ်အပေါ် ကျေနပ်မှုရာခိုင်နှုန်း သတ်မှတ်ချက် (၅၀ ရာခိုင်နှုန်း) | | |



*အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်း (၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ)*

တင်ပြလာသည့်ဖြစ်စဉ်များကို MPRL E&P ၏ မန်းရေနံမြေစီမံခန့်ခွဲရေးအဖွဲ့ (Field Operations Team) နှင့် သက်ဆိုင်ရာဌာနများ ပေါင်း၍ စစ်ဆေးပြုပြင်မှုများ ပြုလုပ်ခဲ့ပြီးနောက် အကြံပြုလွှာများကို အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့သည်။ လုပ်ငန်းစဉ်စတင်ခဲ့သည့် ၂၀၁၄ ခုနှစ်မှ စတင်၍ ဒေသတွင်းရှိ လုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းများနှင့် ဒေသခံများပူးပေါင်းဖြေရှင်း ဆောင်ရွက်လျက်ရှိသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်တွင် အကြံပြုစာတစ်စောင်စီအလိုက် ဖြေရှင်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအတွက် အကြံပြုစာပေးပို့သူဘက်မှ ကျေနပ်မှုရာခိုင်နှုန်း (၁၀၀) % ရရှိထားပြီး လုပ်ငန်းစဉ်ဖြေရှင်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရာခိုင်နှုန်း (၉၈) % လည်း ရရှိထားပြီးဖြစ်သည်။

MPRL E&P သည် လုပ်ငန်းလုပ်ကိုင်ရာဒေသရှိ ဒေသခံများ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်စပ်သည့်ကိစ္စရပ်များနှင့် စိုးရိမ်မှုများရှိပါက တိုက်ရိုက်ဆက်သွယ်ပြောဆိုနိုင်မည့် နည်းလမ်းတစ်ခုအဖြစ် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ဆယ်စုနှစ်တစ်ခုစာအောင်မြင်စွာ လည်ပတ်လုပ်ကိုင်လျက်ရှိသည်။ လုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်များကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပုံမှန်ပြုစုကာ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ကုမ္ပဏီဝက်ဘ်ဆိုဒ်တွင် ပုံမှန်တင်ပြအစီရင်ခံလျက်ရှိသည်။ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွက် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ သုံးလပတ်အစီရင်ခံစာကို အများသူငှာလေ့လာနိုင်ရန် ပြုစုတင်ပြထားပြီးဖြစ်သည်။ ■



၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမ သုံးလပတ်အတွင်း အသစ်ရေးသားတင်ပြခဲ့သည့် အကြံပြုဆွေးနွေးခြင်းဆိုင်ရာ သုံးလပတ်အစီရင်ခံစာ

စာမျက်နှာ - ၁၆ မှ အဆက် ➤



မဂျူးဂျူးဟန်

"သမီးက ကျေးရွာအဆင့်မှာ ပလတ်စတစ်ပစ္စည်းသုံးစွဲတာကို လုံးဝပပျောက်အောင်မလုပ်ဆောင်နိုင်ပါ" ဆိုတဲ့ ဘက်ကနေ ဆွေးနွေးရတဲ့ အဖွဲ့ (၂) ကပါ။ ပြိုင်ပွဲသတ်မှတ်ချက်အရ မလုပ်နိုင်ပါဘူးဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ရပ်တည်ယှဉ်ပြိုင်ခဲ့ရပေမယ့် ပလတ်စတစ်သုံးစွဲတာကို လျှော့နိုင်လိမ့်မယ်လို့တော့ ယုံကြည်ပါတယ်။ ပြိုင်ပွဲအတွက် စာအုပ်တွေနဲ့ အွန်လိုင်းကနေတစ်ဆင့် စာတွေရှာဖတ်ခဲ့ပြီး ဆရာ၊ ဆရာမတွေဆီကလည်း အကြံဉာဏ်တွေယူခဲ့ပါတယ်။ ပြိုင်ပွဲမှာတုန်းက စိတ်လှုပ်ရှားလွန်းလို့ တစ်ဖက်အသင်းကို ချေပပြောရမယ့်အချက်လေး နည်းနည်းမေ့သွားတာက သမီးအတွက် အမှတ်တရပါ။ ဒါပေမယ့် ဒီလိုပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးကြိုးပမ်းဆောင်ရွက်မှုတွေမှာ အခုလိုပဲ တက်တက်ကြွကြွ ပါဝင်သွားဖို့ ဆုံးဖြတ်ထားပါတယ်။"








စကားရည်လုပွဲတွင် မန်းရေနံမြေဒေသရှိ အခြေခံပညာကျောင်းသားကျောင်းသူများ ပလတ်စတစ် တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်များ၊ သာဓကများနှင့်အတူ ယှဉ်ပြိုင်ခဲ့ပြီး အဖွဲ့လိုက်ညီညွတ်မှုနှင့် အပြန်အလှန်လေးစားမှုများဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင် ဒေါ်လဲ့လဲ့ခိုင်က ဆိုသည်။ သို့ဖြစ်၍ ကြာကန်ကျေးရွာတွင် ပြုလုပ်ခဲ့သည့် မန်းရေနံမြေဒေသရှိ ကျောင်းသားလူငယ်များ၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စကားရည်လုပွဲသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက်ပြသံတစ်ခုအဖြစ်မှတ်ယူနိုင်မည်ဟု မျှော်လင့်မိပါသည်။ ■

# မန်းရေနံမြေတွင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် စနစ်တကျလည်ပတ်နိုင်ရန်ပံ့ပိုး၊ World Cleanup Day 2023 အထိမ်းအမှတ်အဖြစ် အမှိုက်ကောက်လှုပ်ရှားမှုများဆောင်ရွက်

MPRL E&P (CSR အစီအစဉ်) ၏ ပံ့ပိုးမှုဖြင့် ၂၀၁၉ ခုနှစ်၊ ဧပြီလမှ စတင်လည်ပတ်ဆောင်ရွက်ခဲ့သည့် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်အရ မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာအနက် မင်းဘူးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ နယ်နိမိတ်ပြင်ပရှိ ကျေးရွာ (၁၃) ရွာတွင် ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲမှုဖြင့် ကောင်းမွန်စွာလည်ပတ်လုပ်ကိုင်လျက်ရှိသည်။



အဆိုပါအမှိုက်သိမ်းစနစ် ရေရှည်လည်ပတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်း၏ဝင်ငွေနှင့် အသုံးစရိတ်များမှတ်တမ်းတင်ခြင်းနှင့် အခြားလိုအပ်သည့် အကူအညီများကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ပံ့ပိုးခဲ့သည်။ အလားတူ အမှိုက်ကောက်သူရဲကောင်း-မင်းဘူးအဖွဲ့၏ အမှိုက်ကောက်လှုပ်ရှားမှုများ ပုံမှန်ဆောင်ရွက်နိုင်ရေးနှင့် အခြားလိုအပ်သည့် အကူအညီများ ပံ့ပိုးခြင်း၊ အမှိုက်ကောက်သူရဲကောင်း-မင်းဘူး အဖွဲ့ ကျေးရွာအလိုက်ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ အခက်အခဲနှင့်စိန်ခေါ်မှုများ၊ အနာဂတ်အစီအမံများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့သည်။



၂၀၁၈ ခုနှစ်မှစ၍ အမှိုက်ကောက်သူရဲကောင်း-မင်းဘူး (Trash Hero Minbu) သည် MPRL E&P (CSR အစီအစဉ်) နှင့်ပူးပေါင်း၍ မန်းရေနံမြေတွင် အမှိုက်ကောက်လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယ

စာမျက်နှာ - ၁၉ ➤











# ရွှေ့လျားဆေးပေးခန်းများဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ MPRL E&P (CSR အစီအစဉ်) ဖြင့် ဆက်လက်ပံ့ပိုး









MPRL E&P (CSR အစီအစဉ်) ဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ရွှေ့လျားဆေးပေးခန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာအတွင်းရှိ စုရပ်နေရာ (၆) ခုတွင် ပုံမှန်ဖွင့်လှစ်လျက်ရှိပြီး ဆေးခန်းသို့လာရောက်ပြသရန် အခက်အခဲရှိသည့် ရဟန်းသံဃာတော်များနှင့် နာမကျန်းလူနာများအတွက်လည်း အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပံ့ပိုးလျက်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့အထိ ရွှေ့လျားဆေးပေးခန်း အကြိမ်ရေ (၃၃၈) ကြိမ်တွင် ဆေးခန်းလာရောက်ပြသမှု အကြိမ်ရေ (၁၀,၈၇၅) ကြိမ်ဖြင့် မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးနိုင်ခဲ့သည်။ အလားတူ ဇွန်လမှ စက်တင်ဘာလအတွင်း အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှု (၂) ကြိမ်ပံ့ပိုးနိုင်ခဲ့သည်။ MPRL E&P (CSR အစီအစဉ်) ဖြင့်မင်းဘူးမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်ဒေသခံများအတွက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ■





စာမျက်နှာ - ၁၈ မှ အဆက် ➤

သုံးလပတ်အတွင်း အောက်ကျောင်း၊ အေးမြ၊ လေးအိမ်တန်း၊ လက်ပံတပင်၊ မန်းကျိုး၊ မယ်ဘော့ကုန်းနှင့် နန်းဦးကျေးရွာတို့တွင် အမှိုက်ကောက်လှုပ်ရှားမှု စုစုပေါင်း (၃၉) ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

ထို့အပြင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် World Cleanup Day 2023 (ကမ္ဘာလုံးဆိုင်ရာ သန့်ရှင်းရေးနေ့- ၂၀၂၃) အထိမ်းအမှတ်အဖြစ် မန်းရေနံမြေတွင် အမှိုက်သိမ်းလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့သည်။



အဆိုပါလှုပ်ရှားမှုအစီအစဉ်အရ အမှိုက်သိမ်းယာဉ် (၃) စီးဖြင့် အမှိုက်တန်ချိန်စုစုပေါင်း (၄၈) တန်ကိုစုစည်းသိမ်းယူခဲ့ပြီး မင်းဘူးမြို့နယ်စည်ပင်၏ အမှိုက်စွန့်ပစ်နိုင်သည့် သတ်မှတ်ဖို့မြေနေရာများတွင် စနစ်တကျ အမှိုက်စွန့်ပစ်ခဲ့သည်။ အဆိုပါ အမှိုက်ကောက်လှုပ်ရှားမှုသို့ မန်းရေနံမြေဒေသခံ ကလေး (၁,၀၀၅) ဦးနှင့် လူကြီး (၁၃၄) ဦးအပါအဝင် စုစုပေါင်း (၁,၁၃၉) ဦး ပူးပေါင်းပါဝင်ခဲ့ပြီး အမှိုက်ကီလို (၁,၁၀၅) ကီလိုပါ အမှိုက်အိတ်ပေါင်း (၂၂၁) အိတ်ကို စုပေါင်းအမှိုက်သိမ်းယူခဲ့ကြသည်။ ■







## CSRလုပ်ငန်းများကိုစာစောင်များ၊ အစီရင်ခံစာများဖြင့်ပြန်ကြားဆက်သွယ်ခြင်း

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း Insight! သတင်းလွှာ အမှတ်စဉ် (၃၆) ကို ထုတ်ဝေခဲ့သည်။ သတင်းလွှာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း MPRL E&P ကုမ္ပဏီများအုပ်စုအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ နည်းပညာဆောင်ပါးများ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သတင်းဆောင်းပါးများ၊ လူမှုတာဝန်သိလုပ်ငန်းဆောင်ရွက်ချက်များ၊ ရွက်လှေအားကစားဆိုင်ရာ သတင်းဓာတ်ပုံများ၊ MPRL E&P ကုမ္ပဏီ၏ ပွဲပိုးလှူဒါန်းမှုများ၊ မွေးနေ့ဆုတောင်းများနှင့် အခြားစိတ် ဝင်စားဖွယ် သတင်းဆောင်းပါးနှင့် သတင်းဓာတ်ပုံများ ဖော်ပြပါရှိသည်။




*Insight! သတင်းလွှာ အမှတ် (၃၆) ထုတ်ဝေဖြန့်ချီခြင်း*

အလားတူ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် တို့မန်းမြေ သတင်းလွှာ အမှတ်(၁၀) ကို ထုတ်ဝေခဲ့သည်။ တို့မန်းမြေ သတင်းလွှာ အမှတ် (၁၀) တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း မန်းရေနံမြေဒေသအတွင်း ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများအပြင် ခိုင်မာသောအသိုက်အဝန်းထူထောင်ခြင်း၊ စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်းသည့် ဆောင်းပါးများကိုပါ ထည့်သွင်းရေးသားတင်ဆက်ထားသည်။



*တို့မန်းမြေ သတင်းလွှာ အမှတ် (၁၀) ထုတ်ဝေဖြန့်ချီခြင်း*

ထို့အပြင် ကုမ္ပဏီ ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဒေသခံများအနေဖြင့် စဉ်ဆက်မပြတ် သိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုပိုမိုရရှိစေရန် စာစောင်များကို လွယ်လင့်တကူဖတ်ရှုနိုင်ရေးအတွက်လည်း ကျေးရွာစာကြည့်တိုက်များနှင့် ကျေးရွာအတွင်းစုရပ်များတွင် တို့မန်းမြေစာတိုက်ပုံးများ တပ်ဆင်ထားရှိပြီး သတ်မှတ်လအလိုက် ထုတ်ဝေလျက်ရှိသည့်စာစောင်များကို ထားရှိထားသည်။ ထို့အပြင် သက်ဆိုင်ရာကျေးရွာများ၏ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသတွင်း အစိုးရဌာနများနှင့် တာဝန်ရှိအဖွဲ့အစည်းများထံသို့လည်း တို့မန်းမြေစာစောင်များကို ပုံမှန်ဖြန့်ဝေလျက်ရှိသည်။



MPRL E&P ၏ မန်းရေနံမြေတွင်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ လစဉ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်နှင့် နှစ်ပတ်လည်အစီရင်ခံစာများဖြင့် သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံသို့ ပေးပို့အစီရင်ခံလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ အစီရင်ခံစာကို ထုတ်ဝေခဲ့ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပေးပို့ခဲ့သည်။ ■







## သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် MPRL E&P ၏ စာစောင်များအတွက် ဖတ်ရှုသူများ၏ သဘောထားမှတ်ချက်ကောက်ယူခြင်းနှင့် အစီရင်ခံစာ ရေးသားတင်ပြခြင်း

၂၀၂၃ ခုနှစ်၊ ဇွန်လကုန်တွင် ထုတ်ဝေခဲ့သည့် Insight! နှင့် တို့မန်းမြေစာစောင်များအတွက် ဖတ်ရှုသူများထံမှ သဘောထားမှတ်ချက်ကောက်ယူသည့် စစ်တမ်းတစ်ခု ပြုလုပ်ခဲ့သည်။ အဆိုပါ စစ်တမ်းကို ဖတ်ရှုသူများ၏ သဘောထားမှတ်ချက်သိရှိနိုင်ရန်နှင့် ဆက်လက်ထုတ်ဝေမည့် စာစောင်များကို ပိုမိုတိုးတက်ကောင်းမွန်စွာ ရေးသားထုတ်ဝေနိုင်ရေးအတွက် ရည်ရွယ်ပြုလုပ်ခဲ့သည်။ အဆိုပါစစ်တမ်းကို Insight! စာစောင်အတွက် မေးခွန်း (၁၄) ခုနှင့် တို့မန်းမြေစာစောင်အတွက် မေးခွန်း (၁၂) ခုပါဝင်သည့် QR Code တို့မှတဆင့် အလွယ်တကူဖြေဆိုနိုင်မည့် Microsoft Form များနှင့် ဒေသခံများအတွက် မြေပြင်စစ်တမ်းကောက်ယူပုံစံများဖြင့် ဖြေဆိုနိုင်ရန် ပြင်ဆင်ပံ့ပိုးခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန်လနှင့် ဇူလိုင်လကုန်အထိ စစ်တမ်းကောက်ယူချိန် သီတင်းပတ် (၆) ပတ်တာ အတွင်း Insight! စာစောင်အတွက် စစ်တမ်းဖြေဆိုသူ (၅၆) ဦးနှင့် တို့မန်းမြေ စာစောင်အတွက် စစ်တမ်း ဖြေဆိုသူ (၇၇) ဦးတို့ထံမှ သဘောထားမှတ်ချက်များ ကောက်ယူရရှိခဲ့သည်။ အဆိုပါ စစ်တမ်းအရ လေ့လာတွေ့ရှိချက်များကို CSR & Communications ဌာနအနေဖြင့် ဌာနတွင်း အစီရင်ခံစာတစ်စောင် ရေးသားတင်ပြခဲ့ပြီး စစ်တမ်းပါအကြံပြုချက်များအနက် လိုက်နာဆောင်ရွက်နိုင်မည့်အစီအစဉ်များကို အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။ ■




*MPRL ELP ကုမ္ပဏီ၏ ထုတ်ဝေလျက်ရှိသည့် စာစောင်များအတွက် ဖတ်ရှုသူများ၏ သဘောထားမှတ်ချက် သုံးသပ်မှုအစီရင်ခံစာ*



# MPRL E&P ကုမ္ပဏီများအုပ်စုရှိ ဝန်ထမ်းမိသားစုများ၏ စုပေါင်းစာအုပ်လှူဒါန်းမှုအစီအစဉ် မန်းရေနံမြေတွင် ဆက်လက်ဆောင်ရွက်



MPRL E&P သည် မိမိတို့လုပ်ငန်းများဆောင်ရွက်စဉ် လုပ်ငန်းအကျိုးစီးပွားအပြင် လူမှုအသိုက်အဝန်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရာ လုပ်ငန်းလုပ်ကိုင်ရာ မန်းရေနံမြေဒေသ၌ လေ့လာသင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်နိုင်စေရန်နှင့် အပြုသဘောဆောင်သော ပြောင်းလဲမှုများဖန်တီးနိုင်စေရန် စာအုပ်လှူဒါန်းပွဲတစ်ရပ်ကို မန်းရေနံမြေရှိ မန်းကျိုးကျေးရွာတွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ် (၂၃) ရက်နေ့တွင် ထပ်မံပြုလုပ်ခဲ့သည်။

မန်းရေနံမြေဒေသရှိ ကျောင်းသားလူငယ်များအတွက် စာအုပ်စာပေ ချစ်မြတ်နိုးစိတ်နှင့် စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးတက်ရရှိနိုင်စေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ဇွန်လိုင်လမှစတင်၍ ကုမ္ပဏီများအုပ်စုရှိ ဝန်ထမ်းမိသားစုများထံမှ စာအုပ်များလှူဒါန်းနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ရာ သုတ၊ ရသနှင့် ကလေးစာပေများအပါအဝင် စာအုပ်ပေါင်း (၉၂၃) အုပ်နှင့် အလှူငွေ ကျပ် ၁,၆၉၅,၀၀၀/ (ကျပ်တစ်ဆယ့်ခြောက်သိန်းကိုးသောင်းငါးထောင်) ကို





ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ အလှူငွေများအနက်မှ ကျပ် ၁,၅၆၉,၁၀၀/ (ကျပ်တစ်ဆယ့်ငါးသိန်းခြောက်သောင်းကိုးထောင့်တစ်ရာ) ဖြင့် စာအုပ်အသစ် (၃၃၂) အုပ် ဝယ်ယူခဲ့သည်။ သို့ဖြစ်၍ MPRL E&P ကုမ္ပဏီများအုပ်စုရှိ ဝန်ထမ်းမိသားစုများက စုပေါင်းလှူဒါန်းသော စာအုပ်ပေါင်း (၁,၂၅၅) အုပ်နှင့် ကျပ် ၁၂၅,၉၀၀/ (ကျပ်တစ်သိန်းနှစ်သောင်းငါးထောင့်ကိုးရာ) ကို စာကြည့်တိုက်ရန်ပုံငွေအဖြစ် မန်းကျိုးကျေးရွာစာကြည့်တိုက်သို့ CSR လုပ်ငန်းအဖွဲ့ဝင်များက လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါစာအုပ်များတွင် ကလေးစာပေအဖြစ် ရောင်စုံရုပ်ပြ၊ ကာတွန်း၊ ဂန္ထဝင်ပုံပြင်နှင့် ဆေးရောင်ခြယ်စာအုပ်များပါဝင်ပြီး လူငယ်စာပေအဖြစ် အထွေထွေဗဟုသုတ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ စာစောင်များ၊ အဘိဓာန်နှင့်သုတ၊ ရသ စာအုပ်မျိုးစုံပါဝင်သည်။ အဆိုပါ စာအုပ်ပေးအပ်လှူဒါန်းပွဲသို့ မန်းကျိုးကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ဒေသခံများ၊ ကလေးငယ်များ၊ စေတနာ့



ဝန်ထမ်းများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း (၂၆၈) ဦးခန့်တက်ရောက်ခဲ့ပြီး အကြော်စုံဖြင့် ဧည့်ခံခဲ့သည်။ MPRL E&P (CSR အစီအစဉ်) ဖြင့် အလားတူစာအုပ်လှူဒါန်းပွဲကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အေးမြနှင့် နန်းဦးကျေးရွာတို့တွင်ပြုလုပ်ခဲ့ပြီး မန်းရေနံမြေထိစပ်ကျေးရွာများရှိ ကျေးရွာစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်နိုင်ရန် သတ်မှတ်ကာလအတွင်း၊ သတ်မှတ်အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ■







# MPRL E&P (CSR အစီအစဉ်) ဖြင့် လှူဒါန်းမှုနှင့် ပံ့ပိုးမှုများ

## မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန (မင်းဘူးဆေးရုံ) မျက်စိခွဲစိတ်ခန်းအတွက် လေအေးပေးစက်တစ်လုံး ထပ်မံတပ်ဆင်လှူဒါန်း


မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာန
(မင်းဘူးဆေးရုံ)

လက်ခံရရှိကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာန (မင်းဘူးဆေးရုံ) မျက်စိခွဲစိတ်ခန်းအတွက် လေ အေးပေးစက် (Chigo 1.5 HP)၊ ဆက်စပ်ပစ္စည်းများနှင့် တပ်ဆင်ခတို့အတွက် ကုန်ကျစရိတ်စုစုပေါင်း ကျပ် ၉၉၇,၅၀၀/- (ကျပ်ကိုးသိန်းကိုးသောင်းခုနစ်ထောင့်ငါးရာကျပ်တိတိ) ကို MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးပါသောကြောင့် ဤဂုဏ်ပြုမှတ်တမ်းလွှာ ဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဒေါက်တာဒေါ်အိအိအောင်
(မင်းဘူးဆေးရုံ)

ရက်စွဲ။ ။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၅) ရက်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာန (မင်းဘူးဆေးရုံ) ရှိ မျက်စိခွဲစိတ်ခန်းအတွက် လေအေးပေးစက် (CHIGO 1.5 HP) တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့် တပ်ဆင်ခတို့အတွက် စုစုပေါင်းကုန်ကျစရိတ် ကျပ် ၉၉၇,၅၀၀/ (ကျပ်ကိုးသိန်းကိုးသောင်းခုနစ်ထောင့်ငါးရာ) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် မျက်စိအထူးကုသမားတော် ဒေါက်တာ အိအိအောင်ထံ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင် ထပ်မံပေးအပ်လှူဒါန်းခဲ့သည်။ MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အဆိုပါ မျက်စိဆေးရုံသို့ လေအေးပေးစက်တစ်လုံးကို ပထမအကြိမ်အဖြစ် ပံ့ပိုးလှူဒါန်းခဲ့သည်။

MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များသည် မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာန (မင်းဘူးဆေးရုံ) နှင့်ချိတ်ဆက်၍ MPRL E&P (CSR အစီအစဉ်) ဖြင့် "အမြင်ကြည်လင်၊ ပြုံးပျော်ရွှင်" အထွေထွေမျက်စိစစ်ဆေးစမ်းသပ်ခြင်းအစီအစဉ်ကို မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာအတွင်းရှိ အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများနှင့် အသက် (၆၀) နှစ်နှင့်



အထက်ဒေသခံများအတွက် အထွေထွေမျက်စိစမ်းသပ်စစ်ဆေးခြင်း၊ မျက်စိအားဆေး၊ မျက်မှန်နှင့် မျက်စိခွဲစိတ်မှုများပံ့ပိုးခြင်းနှင့် မျက်စိကျန်းမာရေးဆိုင်ရာသိကောင်းစရာများ ဟောပြောပို့ချခြင်းတို့ကို ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

## သီတင်းသီလဆောက်တည်သူများအတွက် စတုဒိသာလှူဒါန်း

မန်းရေနံမြေ၊ ဓမ္မာရုံတွင်ကျင်းပသည့် ဝါခေါင်လပြည့်နေ့ သီတင်းသီလဆောက်တည်သူများအတွက် မုန့်ဟင်းခါး စတုဒိသာအလှူအဖြစ် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၁,၂၀၀,၀၀၀/ (ကျပ်တစ်ဆယ့်နှစ်သိန်း) ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း လှူဒါန်းခဲ့သည်။ ■

စာမျက်နှာ - ၇ မှ အဆက် ➤



ဦးမြင့်ဆွေ
ကျွဲချကျေးရွာ

"လွန်ခဲ့တဲ့ (၈) နှစ်လောက်က ညာဖက်မျက်စိမှာ အတွင်းတိမ်ဖြစ်လို့ ဆရာတော် ဒေါက်တာအရှင်ဉာဏိသရရဲ့ သီတဂူဖောင်ဒေးရှင်းကနေ ခွဲစိတ်ကုသပေးဖူးပါတယ်။ အခု (၆၈) နှစ်ကျတော့ ဘယ်ဖက်မျက်စိအတွင်းတိမ်ကို MPRL E&P ရဲ့ ပံ့ပိုးမှုနဲ့ မျက်စိခွဲခဲ့တာပါ။ မျက်စိအတွင်းတိမ်စွဲတာ (၁၀) နှစ်လောက်ရှိပြီ။ မျက်စိမှာ တိမ်ရှိနေတော့ ကြည့်ရတာမကွဲပြားဘူး။ မှုန်တာဝါးတာရှိတော့ ခွဲစိတ်ထားတဲ့ ညာမျက်စိနဲ့ အားပြုကြည့်ခဲ့ရတယ်။ တောထဲမှာ နှစ်ပေါက်အောင်နေတဲ့သူဆိုတော့ ရပ်ရွာထဲဖြစ်တဲ့ ကိစ္စတွေလည်း သိပ်မသိပါဘူး။ CSR အစီအစဉ်ကလုပ်တဲ့ ဒီမျက်စိကျန်းမာရေးအစီအစဉ်ကိုလည်း ကျေးရွာစေတနာ့ဝန်ထမ်းကတစ်ဆင့် ကြားခဲ့ရလို့သာ မျက်စိခွဲခွင့်ရခဲ့တာ။ ခွဲထားတဲ့မျက်စိအတွက် ဆောင်ရန်၊ ရှောင်ရန်တွေကို ဆရာဝန်မကြီးက သေချာမှာပါတယ်။ ကျွန်တော့်မှာ ဆီးချို၊ သွေးတိုးမရှိတော့ ကျန်းမာရေးလည်း ကောင်းနေတော့ ပိုအဆင်ပြေသွားတယ်။ အရင်ကလည်း မျက်စိခွဲဖူးတော့ လိုက်နာရမှာတွေ ကောင်းကောင်းသိပြီး လိုက်နာဖြစ်ပါတယ်။ အခုဆို ကျွန်တော်မြင်ရတာ ကြည်လင်ရှင်းလင်းနေပြီး ဟိုတုန်းက ဖတ်လို့မရတဲ့စာတွေတောင် အခုဖတ်နိုင်နေပြီ။ ကုမ္ပဏီရဲ့ CSR အစီအစဉ်ပံ့ပိုးမှုတွေက ခွဲစိတ်တာတင်မကဘူး၊ သွားရေးလာရေးကစ လိုလေးသေးမရှိ ပံ့ပိုးခဲ့ကြတော့ MPRL E&P ကုမ္ပဏီကို ကျေးဇူးအများကြီးတင်ပါတယ်။"



ဦးအောင်အောင်
ကြာကန်ကျေးရွာ
ကျေးရွာအုပ်ချုပ်ရေးမှူး

"ကျွန်တော်က မျက်စိကျန်းမာရေးဟောပြောပွဲတွေနဲ့ မျက်စိကျန်းမာရေးစစ်ဆေးမှုတွေမှာ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ယောက်အနေနဲ့ ပါဝင်ကူညီဖြစ်ခဲ့ပါတယ်။ မျက်စိစမ်းသပ်မှုအစီအစဉ်အကြောင်းကို အသံချဲ့စက်နဲ့ ရပ်ရွာထဲ အသိပေးကြေညာတာ၊ ရွာထဲက မျက်စိပြမယ့် လူနာစာရင်းကောက်တာ၊ မန်းကျိုးဘုန်းတော်ကြီးကျောင်းမှာ ပြရမယ့်နေ့၊ အချိန်နဲ့ စုရပ်နေရာတွေ ကြေညာတာ၊ မျက်စိစမ်းသပ်ပြီး လူနာစာရင်းနဲ့ ပြန်ပြရမယ့်အချိန်နဲ့ရက်ကို လူနာရှင်တွေကို အသိပေးတာ စတဲ့လုပ်ငန်းတွေမှာ ပါဝင်ကူညီခဲ့ပါတယ်။ စာသင်ကျောင်းတွေမှာလုပ်ခဲ့တဲ့ ဆရာ၊ ဆရာမနဲ့ ကျောင်းသားတွေအတွက် မျက်စိစမ်းသပ်တာနဲ့ မန်းကျိုးမှာလုပ်တဲ့ အသက် (၆၀) ကျော် ဘိုးဘွားတွေအတွက် မျက်စိစမ်းသပ်တဲ့အစီအစဉ်ကို ကျွန်တော်တို့ ကြာကန်ကဒေသခံတွေလည်း သွားပြကြပါတယ်။ ကျန်းမာရေးအသိပညာပေးဟောပြောတာ၊ စမ်းသပ်စစ်ဆေးတာ၊ ကုသတာနဲ့ ခွဲစိတ်တာအဆုံး ကုန်ကျစရိတ်အားလုံးကို MPRL E&P ရဲ့ CSR အစီအစဉ်က ပံ့ပိုးကူညီပေးခဲ့ပါတယ်။ ဒီအစီအစဉ်ကကျွန်တော်တို့ ရွာတွေမှာရှိတဲ့ မျက်စိဝေဒနာရှင်တွေအတွက် အတော်ကိုအကျိုးရှိပြီး မွန်မြတ်ပါတယ်။ ဒေသခံအများစုမှာ ကိုယ်တိုင်က ကျန်းမာရေးစောင့်ရှောက်မှုအားနည်းတာ၊ ငွေကြေးမတတ်နိုင်တာတွေကြောင့် မျက်စိကုသမှုတွေ မလုပ်နိုင်ကြဘူး။ အခုလို အစစအရာရာတာဝန်ယူဆောင်ရွက်ပေးတော့ ကျွန်တော်တို့ဒေသမှာ အရမ်းကို အဆင်ပြေခဲ့ပါတယ်။ ဆရာ၊ ဆရာမ၊ ကျောင်းသားကျောင်းသူတွေနဲ့ သက်ကြီးဝါကြီးတွေအတွက်တော့ မျက်စိကုသမှုတွေ ရပြီးပါပြီ။ ကျန်တဲ့ဒေသခံတွေအတွက်လည်း အခုလိုစောင့်ရှောက်မှုတွေ ထပ်ပြီးပံ့ပိုးစေချင်ပါတယ်။ အကြောင်းက မျက်စိရောဂါက အသက်ကြီးတယ်၊ ငယ်တယ် မဟုတ်ဘဲ အသက်အရွယ်မရွေးဖြစ်နေတော့ စမ်းသပ်စစ်ဆေးတာနဲ့ လိုအပ်သလိုကုသကြစေချင်တာပါ။ ဒီအစီအစဉ်မှာ MPRL E&P နဲ့ CSR အဖွဲ့သားတွေရဲ့ စီစဉ်ပံ့ပိုးမှုက တကယ့်ကိုကောင်းမွန်ပါတယ်။ ဒေသခံတွေကိုယ်စား ကျွန်တော်က ကျေးဇူးအထူးတင်ပါတယ်။" ■

ကျောဖုံးမှ အဆက်




## ကြိုတင်ကာကွယ်ခြင်း

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးတွင် နေ့ ည ခြင်မကိုက်စေရန် ခြင်ဥနိုင်သည့် ရေကြည်ရေသန့်ရှိသည့် ရေကြည်အိုးများ၊ ရေလှောင်ကန်များကို အဖုံးဖုံးအုပ်ထားရန် လိုအပ်သည်။ ထို့အပြင် ဘုရားစင်၊ ပန်းအိုးနှင့် အလှပန်းအိုး၊ ကြောင်အိမ်အောက်ရှိ ရေခွက်များကို နေ့စဉ်ရေလဲလှယ်ခြင်း၊ မိုးရေတင်နိုင်သည့် ဘူးခွံ၊ ပုံးခွံ၊ တာယာဟောင်းများ အိုးခြမ်းပဲ့၊ ပလတ်စတစ်အိတ်နှင့် အုန်းမှုတ်ခွက်များကို မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းဖြင့် ရှင်းလင်းသင့်သည်။ အိမ်တွင်း အိမ်ပြင်သန့်ရှင်းရေး၊ နေရောင်ခြည်ရရှိရန်၊ လေဝင်လေထွက်ကောင်းမွန်ရန်၊ လေကောင်းလေသန့်ရရှိရန် ပြတင်းပေါက်များဖွင့်လှစ်ခြင်း၊ ကလေးငယ်များအိပ်သည့်အခါ နေ့ညမရွေး ဆေးစိမ်ခြင်ထောင် (သို့မဟုတ်) ခြင်ထောင်ဖြင့် အိပ်စေခြင်း၊ ကလေးငယ်များနှင့် ကျောင်းနေအရွယ်ကျောင်းသားကျောင်းသူများကို အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ ဝတ်ဆင်စေခြင်း၊ ခြင်ဆေးခွေထွန်းခြင်းတို့ ပြုလုပ်သင့်သည်။

## ထိရောက်သည့်ကုသမှုခံယူခြင်း

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပေါ်ပါက ထိရောက်သည့်ကုသမှုရရှိနိုင်ရန် နီးစပ်ရာ ဆေးပေးခန်းနှင့် ဆေးရုံတို့သို့ အမြန်သွားရောက်ပြသပြီး တတ်ကျွမ်းသည့် ဆရာဝန်များဖြင့် ကုသမှုခံယူသင့်သည်။ ကုသမှုမခံယူမီ မိမိသဘောဖြင့် အဖျားကျဆေးတိုက်ခြင်း၊ မက်ကလောင်ဖောက်ခြင်းတို့ မပြုလုပ်ရန် အထူးလိုအပ်သည်။ သွေးလွန်တုပ်ကွေးဖြစ်သူကို အရည်များများတိုက်ရန်လိုအပ်ပြီး ဓာတ်ဆားရည်၊ စွပ်ပြုတ်ရည်၊ ဖျော်ရည်၊ နို့၊ ဆန်ပြုတ်၊ ထမင်းရည်တို့ တိုက်နိုင်ပြီး ခန္ဓာကိုယ်အတွင်း သွေးယိုမှုနှင့်မှားယွင်းနိုင်သည့် ကော်ဖီ၊ လက်ဘက်ရည်နှင့် ကော်ဖီရောင်ရှိသည့် အရည်များ မတိုက်သင့်ပါ။ အဖျားကြီးပါက ရေပတ်တိုက်ခြင်း၊ လည်ပင်း၊ ချိုင်းနှင့် ပေါင်ခြံတို့တွင် ရေအေးဝတ်၊ ရေခဲပတ် တင်နိုင်ပြီး အဝတ်ထူ၊ စောင်ထူများ အုပ်မပေးသင့်ပါ။





MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေဒေသခံများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များကို အခါအားလျော်စွာဆောင်ရွက်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ အသိပညာပေး အစီအစဉ် (၁၇) ကြိမ်ကို မန်းရေနံမြေရှိ ရွှေ့လျားဆေးပေးခန်းများနှင့် အခြေခံပညာကျောင်းများတွင် ပြုလုပ်ခဲ့သည်။ ကျောင်းသားကျောင်းသူများနှင့် သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ ဆွေးနွေးပွဲများတွင် အမေးအဖြေကဏ္ဍပါ ထည့်သွင်းပြုလုပ်ခဲ့ပြီး အဖြေမှန်သည့်ကျောင်းသားကျောင်းသူများကို ကျောင်းသုံးစာရေးကိရိယာများ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲများသို့ ကျောင်းသားကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံများအပါအဝင် (၂,၃၃၄) ဦး တက်ရောက်ခဲ့သည်။ ■











# သွေးလွန်တုပ်ကွေးကာကွယ်ရေး မန်းရေနံမြေတွင် အသိပညာပေးဆွေးနွေး



မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ တစ်နိုင်ငံလုံးအတိုင်းအတာတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ (၅၀၀၀) ကျော်နှင့် သေဆုံးသူရှစ်ဦးရှိပြီး ဇူလိုင်လဆန်းမှစတင်၍ လာမည့်ရက်သတ္တပတ်များအတွင်း ရောဂါဖြစ်ပွားနှုန်း မြင့်တက်လာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးနိုးဆော်ထားသည်။ သွေးလွန်တုပ်ကွေး (Dengue) သည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး အသက် (၁၅) နှစ်အောက်ကလေးများတွင် အဖြစ်များကာ လူကြီးများတွင်ဖြစ်ပွားပါက နောက်ဆက်တွဲဆိုးကျိုး ပိုမိုများပြားပြီး မြို့ပြဆန်သောဒေသများတွင် အဖြစ်များသော်လည်း ကျေးလက်ဒေသများတွင်ပါပျံ့နှံ့ဖြစ်ပွားကြောင်း သိရသည်။

သို့ဖြစ်၍ မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီသည် ဒေသခံများ ကျန်းမာရေးအသိပညာတိုးတက်စေရန် (CSR အစီအစဉ်) ဖြင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို အခါအားလျော်စွာ ပံ့ပိုးပို့ချခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ အတွင်း မန်းရေနံမြေဒေသခံများနှင့် ကျောင်းသားကျောင်းသူများအတွက် သွေးလွန်တုပ်ကွေးဆိုင်ရာ ကျန်းမာရေးဗဟုသုတနှင့် ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းများကို သိရှိနိုင်ရန် ရည်ရွယ်၍ သွေးလွန်တုပ်ကွေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးဆွေးနွေးမှုများကို MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေတွင် ပြုလုပ်ကျင်းပခဲ့သည်။



မန်းရေနံမြေဒေသတွင် ပုံမှန်ဖွင့်လှစ်လျက်ရှိသည့် ရွေ့လျားဆေးပေးခန်းများသို့ လာရောက်ပြသကြသူများနှင့် အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများကို မိမိအိမ်နှင့် ရပ်ရွာအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်သည့် အခြေအနေများနှင့် ကာကွယ်နိုင်မည့် နည်းလမ်းများကို MPRL E&P ၏ မန်းရေနံမြေတာဝန်ခံဆရာဝန် ဒေါက်တာကျော်ရဲထွဋ် ဦးစီး၍ အသိပညာမျှဝေခဲ့သည်။

အဆိုပါအစီအစဉ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားပုံ၊ ရောဂါကူးစက်နိုင်သည့်နည်းလမ်းများနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများကို အသိပညာပေးလက်ကမ်းစာစောင်များနှင့်အတူ ရှင်းလင်းပြောကြားဆွေးနွေးခဲ့သည်။ ယင်းသို့ ပညာပေးမဆွေးနွေးမီ သွေးလွန်တုပ်ကွေးရောဂါနှင့် စပ်လျဉ်း၍ ဒေသခံများ၏မူလသိရှိထားသည့်အခြေအနေနှင့် ဆွေးနွေးပြီးနောက်သိရှိလာသည့် အခြေအနေများကိုပါ ဆန်းစစ်ခဲ့သည်။





## ရောဂါဖြစ်ပွားပုံ

သွေးလွန်တုပ်ကွေးရောဂါသည် မိုးဦးနှင့်မိုးနှောင်းကာလတို့တွင် အဖြစ်အများဆုံးဖြစ်သော်လည်း အချိန်မရွေးဖြစ်ပွားနိုင်သည့် ရောဂါတစ်ခုဖြစ်သည်။ အိမ်ခြံဝင်းများ၊ ကျောင်းစာသင်ခန်းများ၊ ကျောင်းပရဝဏ်အတွင်းရှိ ရေအိုင်၊ ရေခွက်၊ ပန်းကန်ပွဲ၊ ဘက်ထရီအိုးဟောင်း၊ ညောင်ရေအိုး၊ ကားတာယာအဟောင်း၊ အိုးခြမ်းပဲ၊ အုန်းမှုတ်ခွက်စသည့် ရေကြည်ရေသန့်ရရှိနိုင်သည့် နေရာများတွင် ခြင်ကျားများ ဥဥချနိုင်ပြီး ပိုးလောက်လမ်းမှတဆင့် ခြင်ကျားများ ပေါက်ဖွားလေ့ရှိသည်။ အဆိုပါ ခြင်ကျား (သို့မဟုတ်) ခြင်ပုန်းများက နေ့အခါ ကိုက်လေ့ရှိခြင်းကြောင့် ကလေးငယ်များနှင့် ကျောင်းနေအရွယ်ကလေးများအတွက် အထူးသတိပြုရမည့် ရောဂါတစ်ခုလည်း ဖြစ်သည်။

## ရောဂါလက္ခဏာများ

သွေးလွန်တုပ်ကွေးဖြစ်ပွားပါက သွေးလန့်ခြင်းဖြင့် အဖျားကျလာခြင်း၊ လန်းဆန်းမှုမရှိဘဲ မှိန်းနေခြင်း၊ အီနေခြင်း၊ ဂနာမငြိမ်ခြင်း စသည့် အရေးကြီးလက္ခဏာများ တွေ့ရလေ့ရှိသည်။ အကြောင်းမှာ ခန္ဓာကိုယ်ရှိ ဆံခြည်မျှင်သွေးကြောငယ်များရောင်ရမ်းကာ သွေးရည်ကြည်များက သွေးကြောများအပြင်သို့ ထွက်ရှိလာခြင်းဖြင့် သွေးလည်ပတ်မှုကျဆင်းသွားခြင်းကြောင့် ဖြစ်သည်။ ရုတ်တရက်ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အန်ခြင်း၊ အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်ပြီး နှစ်ရက်မှ လေးရက်အတွင်း အဖျားကြီးပြီး အလွန်အမင်းဆက်တိုက်အန်ခြင်း၊ ဂနာမငြိမ်ခြင်း၊ ခြေဖျားလက်ဖျားအေးစက်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ သွေးလန့်ချိန်ကြာမြင့်ပါက ခန္ဓာကိုယ်အနှံ့ သွေးယိုခြင်း၊ ကျောက်ကပ်လုပ်ငန်းထိခိုက်ခြင်းတို့ ဖြစ်ပေါ်ကာ အသက်ဆုံးရှုံးနိုင်သည့် ရောဂါလည်းဖြစ်သည်။

စာမျက်နှာ - ၂၃ ➤

